# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၅၄)


## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်

**နေပြည်တော် နိုဝင်ဘာ ၂၃**



ထိုင်းနိုင်ငံဝန်ကြီးချုပ်
ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန်။

ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန်သည် ၁၉၄၃ခုနှစ် ဩဂုတ် ၂၈ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ထိုင်းဘုရင့်စစ်တက္ကသိုလ်သို့လည်းကောင်း၊ ဗဟိုတိုက်ခိုက်ရေး သင်တန်းကျောင်းသို့လည်းကောင်း၊ ပူးတွဲစစ်ဦးစီးတက္ကသိုလ်သို့လည်းကောင်း တက်ရောက်အောင်မြင်ခဲ့သည်။ ထို့အပြင် ၎င်းသည် အမေရိကန်ပြည်ထောင်စုရှိ ကာကွယ်ရေးဝန်ကြီးဌာနက ဖွင့်လှစ်ပို့ချသည့် စီမံခန့်ခွဲရေးဆိုင်ရာ အစီအစဉ်သို့လည်းကောင်း၊ စစ်ဦးစီးတက္ကသိုလ်သို့လည်းကောင်း တက်ရောက်ခဲ့သည်။ ၁၉၉၃ခုနှစ်တွင် ၎င်းသည် ထိုင်းနိုင်ငံ ကာကွယ်ရေးတက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။

၎င်းသည် ထိုင်းဘုရင့်တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ် အထူးစစ်ဆင်ရေးဌာနချုပ်၏ ဌာနချုပ်မှူးအဖြစ် လည်းကောင်း၊ ထိုင်းအမှတ်(၂)ကြည်းတပ်၏ တိုင်းမှူးအဖြစ်လည်းကောင်း၊ ထိုင်းဘုရင့်ကြည်းတပ်၏ဦးစီးချုပ်အဖြစ်လည်းကောင်း၊ အငြိမ်းစားယူသည့် ၂၀၀၃ ခုနှစ်အထိ ထိုင်းဘုရင့်တပ်မတော်၏ စစ်သေနာပတိချုပ်အဖြစ် လည်းကောင်း အမှုထမ်းဆောင်ခဲ့သူဖြစ်သည်။

၎င်းသည် ၂၀၀၃ခုနှစ်တွင် အာနန္ဒာမဟိဒေါလ်အဖွဲ့အစည်း၏ အမှုဆောင်အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၀၃ခုနှစ် နိုဝင်ဘာ ၁၄ ရက်မှ စတင်ပြီး ဘုရင့်အတိုင်ပင်ခံကောင်စီအဖွဲ့ဝင်အဖြစ် လည်းကောင်း ဆောင်ရွက်နေသူဖြစ်သည်။ ၎င်းသည် ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁ရက်တွင် ထိုင်းနိုင်ငံ၏ ၂၄ဦးမြောက် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

၎င်းသည် ခွန်ရင်ချစ်တရာဝါဒီ ချူလာနွန်နှင့် အိမ်ထောင်ပြုခဲ့သည်။ **(သတင်းစဉ်)**

# ဒွန်ဘန်တံတား တည်ဆောက်ရေးစီမံကိန်းသည် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အရေးပါ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ အမြန်တည်ဆောက်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၂**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် မန္တလေးမြို့မှ ထွက်ခွာ၍ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြစ်ကြီးနားလေဆိပ်သို့ရောက်ရှိကြရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် စံထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဖားကန့်မြို့နယ် ဒွန်ဘန်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



# နှစ်ရှည်ပင် စက်မှုကုန်ကြမ်းသီးနှံရော်ဘာနှင့် ဘိန်းအစားထိုးသီးနှံများ တိုးချဲ့ဆက်လက်စိုက်ပျိုး စိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဖက်လုပ်ကိုင်

**နေပြည်တော် နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ရောက်ရှိနေသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်အတူ နိုဝင်ဘာ၂၀ရက် နံနက်ရနာရီခွဲတွင် မိုင်းဆတ်မြို့ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ မိုင်းဆတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးရဲလောနှင့် အလုပ်အမှုဆောင်များ၊ မိုင်းဆတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ကျော်နှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဒေသဆိုင်ရာအာဏာပိုင်များ၊ ဌာနဆိုင်ရာများမှ

*စာမျက်နှာ ၆ ကော်လံ ၃* ❒

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)

# တိုင်းရင်းဆေးပညာ တိုးတက်ထွန်းကားပြန့်ပွားရေး ကြိုးပမ်း

မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်း၂၀၀၀ကျော် ကာလကပင် မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာကို အသုံးပြုခဲ့ကြသည်။ ထို့ကြောင့် မြန်မာ့တိုင်းရင်းဆေးပညာသည် သမိုင်းအစဉ်အလာကြီးမားသော ရိုးရာအမွေအနှစ်တစ်ခုဖြစ်ခဲ့သည်။

နိုင်ငံတော်က တိမ်မြုပ်ပျောက်ကွယ်လုမတတ်ဖြစ်သည့် တိုင်းရင်းဆေးပညာရပ်များ ဖော်ထုတ်ရန်၊ အစွမ်းထက်သော ဆေးဝါးများ၊ ကုထုံးများ၊ ဆေးဖက်ဝင်အပင်များ ဖော်ထုတ်ထိန်းသိမ်းရန်နှင့် မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၏ သမားစဉ်ဂိုဏ်းအလိုက် သုံးစွဲလျက်ရှိကြသည့် အာနိသင်ထက်မြက်သော ဆေးဝါးများ၊ တိုင်းရင်းသားလူမျိုးအသီးသီး၏ ဒေသအလိုက် ဆေးပညာရပ်များ၊ ကုထုံးများ၊ ဆေးဝါးများကို ပြန်လည်ဖော်ထုတ်ရန် တိုင်းရင်းဆေးသမားတော်များ ဆွေးနွေးပွဲနှင့်စာတမ်းဖတ်ပွဲများကို ၁၉၉၇ ခုနှစ်တွင် မန္တလေးမြို့နှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့တို့၌လည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့၌လည်းကောင်း၊ ၁၉၉၉ခုနှစ်တွင် ဧရာဝတီတိုင်း ပုသိမ်မြို့၌ လည်းကောင်း ကျင်းပနိုင်ခဲ့သည်။

မြန်မာ့တိုင်းရင်းဆေးပညာ မြှင့်တင်ရေးကို ဦးတည်ပြီး မြန်မာ့တိုင်းရင်းဆေးပညာ ထွန်းကား ပြန့်ပွားရေး ကြိုးပမ်းမှုကို အရှိန်အဟုန်မြှင့်သည့်အနေဖြင့် အမျိုးသားအဆင့် တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ၂၀၀၀ပြည့်နှစ်မှစ၍ ၂၀၀၅ခုနှစ်အထိ နှစ်စဉ်ကျင်းပခဲ့သည်။ သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံကို ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၅ ရက်နှင့် ၂၆ရက်နေ့များတွင် ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက တိုင်းရင်းဆေးပညာကို အဘက်ဘက်မှ အားပေးချီးမြှင့်လျက်ရှိသောအခြေအနေ၊ အချိန်အခါကောင်းတွင် မြန်မာ့တိုင်းရင်းဆေးသမားတော်များအနေဖြင့် မြန်မာ့တိုင်းရင်းဆေး ပညာရပ်များ တိုးတက်ထွန်းကား ပြန့်ပွားရေးနှင့် နိုင်ငံတကာအဆင့်မီ သိပ္ပံနည်းကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံး ညီညွတ်စွာ လက်တွဲကြိုးပမ်းသွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





### အမှာစကားပြောကြား

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနလုပ်ငန်းများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စက်မှုလုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# စက်မှုလုပ်ငန်းရှင်များ၏ လုပ်ငန်းအမျိုးအစားအလိုက် အခွန်သက်သာခွင့်ပြုပေးနေ လုပ်ငန်းဆောင်ရွက်မှု ထိရောက်ထက်မြက်စေရန် ပွင့်လင်းစွာဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၂

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စက်မှုလုပ်ငန်းရှင်များတွေ့ဆုံပွဲကို ယမန်နေ့ ညနေပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဦးစီးဌာန၊ လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲတာဝန်ခံ အရာထမ်းများနှင့် စက်မှုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

### စွမ်းအားရှင်များ

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်မှ စီးပွားရေးကဏ္ဍ စွမ်းအားရှင်များဟု အသိအမှတ်ပြုထားသည့် လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းများ စွမ်းရည်ထက်မြက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့်အထောက်အပံ့များကို အစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စက်မှုလုပ်ငန်းရှင်များ ဆောင်ရွက်လုပ်ကိုင်နေသည့် လုပ်ငန်းအမျိုးအစားလုပ်ငန်း သဘာဝအလိုက် အခွန်သက်သာခွင့်ပြုပေးနေကြောင်း၊ ထိုနည်းတူ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သက်သာခွင့်များပေးလျက်ရှိကြောင်း၊ ယခုတွေ့ဆုံပွဲတွင် စက်မှုလုပ်ငန်းရှင်များအနေဖြင့် သိလိုသည့် အချက်များ၊ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်ထက်မြက်စေရန် လိုအပ်သည့်အချက်များကို ပွင့်လင်းစွာ အကြံပြုဆွေးနွေးမေးမြန်းကြစေလိုကြောင်း အကျယ်တဝင့်ပြောကြားသည်။

### လုပ်ထုံးလုပ်နည်း

ထို့နောက် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းက စက်မှုလုပ်ငန်းရှင်များနှင့် သက်ဆိုင်သည့် အခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းလွယ်ကူစွာ လိုက်နာဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ထားသော အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စက်မှုလုပ်ငန်းရှင်များက သိလိုသည့်အချက်များ၊ လုပ်ငန်းဆောင်ရွက်မှု ထိရောက်ထက်မြက်စေရေးအတွက် လိုအပ်သည့် အကြံပြုချက်များ အသီးသီးဆွေးနွေးတင်ပြကြသည်။ **(သတင်းစဉ်)**

# ပြည်သူနှင့် ကျယ်ပြန့်နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက် အသင်းဖွဲ့စည်းမှု ခိုင်မာကျစ်လျစ်ရေး ဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေးသည် နိုဝင်ဘာ ၁၈ရက် ညပိုင်းက မြန်အောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းရုံးသို့ ရောက်ရှိ၍ မြို့နယ်အလုပ်အမှုဆောင်များ၊ မြို့ပေါ်ရှိ ရပ်ကွက်၊ကျေးရွာစည်းရုံးရေးမှူးများအား တွေ့ဆုံရာ၌ ဗဟိုအလုပ်အမှုဆောင်က အသင်းဖွဲ့စည်းမှု ပိုမိုခိုင်မာကျစ်လျစ်စေရေး၊ အသင်းဆိုင်ရာ လုပ်ငန်းများကို ပိုမိုသွက်လက် ထက်မြက်စွာ ဆောင်ရွက်ရေး၊ ပြည်သူလူထုနှင့် ပိုမိုကျယ်ပြန့်နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

### တက်ရောက်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် နိုဝင်ဘာ ၁၉ရက် နံနက်ပိုင်းတွင် ကနောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကျောင်းသားလူငယ်အခြေပြု အသင်းဝင် အဆိုပြုလွှာ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဗဟိုအလုပ်အမှုဆောင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဖွဲ့စည်းဖြစ်ပေါ်လာပုံ၊ အသင်း၏ ရည်ရွယ်ချက်လုပ်ငန်းစဉ်များနှင့် အသင်း၏ တိုင်းကျိုးပြည်ပြု ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

### အသင်းဝင်အဆိုပြုလွှာပေး

ထို့နောက် ကျောင်းသားကျောင်းသူများ၏ အသင်းဝင်အဆိုပြုလွှာ ၂၀၀ကို အသင်းဝင် ကျောင်းသား ကျောင်းသူများကိုယ်စား ဆရာဦးကျော်လွင်ဦးက ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံယူသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က ကျောင်း၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းသည်။

### ဆုချီးမြှင့်

အခမ်းအနားတွင် မြန်အောင်မြို့နယ်အသင်းက မြန်မာနိုင်ငံတစ်နိုင်ငံလုံး ဝိဇ္ဇာဘာသာတွဲ ထူးချွန်စတုတ္ထဆုရ မောင်အောင်ဆန်းမင်း၊ တိုင်းအဆင့်သိပ္ပံဘာသာတွဲ ထူးချွန်စတုတ္ထဆုရ မောင်အောင်ကောင်းခန့်နှင့် ဘာသာစုံ ဂုဏ်ထူးရရှိသူ မအိကြာဖြူခြင်တို့ကို ဆုများပေးအပ်ကြပြီး ကျောင်းသားကျောင်းသူဟောင်းများက အာစရိယပူဇော်ကန်တော့ပွဲအတွက် ငွေပဒေသာပင်စိုက်ထူရန် အလှူငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အင်းစိန် ပရိယတ္တိစာသင်တိုက်နွယ်ဖွား တပည့်သံဃာများ ညှိနှိုင်းဆွေးနွေးမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်နွယ်ဖွား တပည့်သံဃာတော်များ၊ ဟိတကာရီအသင်း၏ တပည့်များ ကျောင်းထိုင်ဆရာတော်၊ စာချဆရာတော်များ၏ သုံးနှစ်တစ်ကြိမ် နှစ်ပတ်လည် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၂၁ ရက် (တပို့တွဲလဆန်း ၄ ရက်) တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်သည်။ တပည့်များ ကျောင်းထိုင်ဆရာတော်၊ စာချဆရာတော်များအနေဖြင့် ပင့်စာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ တပို့တွဲလဆန်း ၃ ရက် ဇန်နဝါရီ ၂၀ ရက် (စနေနေ့) ညနေ ၄ နာရီအရောက် ကြွရောက်ကြပါရန် ပင့်လျှောက်ထားကြောင်း သိရသည်။ **(က-ပ)**





*** ရှေ့ဖုံးမှ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ နံနက် ၇ နာရီ ၄၅ မိနစ်တွင် မြစ်ကြီးနား-နမ္မတီး-တနိုင်းကားလမ်း ဖားကန့်မြို့နယ် ဒွန်ဘန်ကျေးရွာအနီး မိုင်တိုင်(၆၀/၀)ရှိ ဒွန်ဘန်တံတား တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဒွန်ဘန်တံတား ကမ်းကပ်ခုံတည်ဆောက်ပြီးစီးမှုနှင့် တံတား P-1 တွင် ရေလယ်တိုင် အုတ်မြစ်ကွန်ကရစ်ခွေများ အောက်ခြေသို့ ထည့်သွင်းချထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဒွန်ဘန်တံတားသည် ဒေသခံတိုင်းရင်းသားပြည်သူများ ဆက်သွယ်သွားလာရေးအတွက် အရေးပါသော တံတားဖြစ်၍ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အမြန်တည်ဆောက်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများတွင် စံနမူနာပြအောင်မြင်အောင် ဆောင်ရွက်ရေး ရှင်းလင်းမှာကြားကာ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနား-နမ္မတီး-တနိုင်းလမ်း မိုင်တိုင် ၉၈ ရှိ ယုဇနကုမ္ပဏီလီမိတက်၏ ယုဇနဘက်စုံစိုက်ပျိုးရေးစီမံကိန်း၏ ကြံစိုက်ပျိုးရန်အတွက် မြေလွတ်မြေရိုင်းများ ဖော်ထုတ်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး စက်ယန္တရားများဖြင့် ထယ်ထိုးမြေပြင်သည့်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ယုဇနကုမ္ပဏီမှ ဦးဌေးမြင့်နှင့် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသသည်။

**ကြံမျိုးပင်များစိုက်ပျိုး**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ယုဇနဘက်စုံစိုက်ပျိုးရေးစီမံကိန်း စိုက်ခင်းသို့ ရောက်ရှိကြပြီး လုပ်သားများ ကြံစိုက်ပျိုးနေမှုနှင့် စိုက်ပျိုးသည့် ကြံမျိုးပင်များကို ကြည့်ရှုစစ်ဆေးပြီး နဝဒေး(၃) ကြံမျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များအား ယုဇနဘက်စုံစိုက်ပျိုးရေးစီမံကိန်း ရှင်းလင်းဆောင်၌ ဦးဌေးမြင့်က မြေလွတ်မြေရိုင်းဖော်ထုတ်မှု၊ ကြံနှင့် ပီလောပီနံ စိုက်ပျိုးရန် စီစဉ်ထားမှု၊ လုပ်သားအင်အားအခြေအနေနှင့် နှစ်အလိုက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး မြစ်ကြီးနား-တနိုင်းကားလမ်း မိုင်တိုင် ၁၀၂ ၌ စက်ယန္တရားများဖြင့် မြေပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

**ငါးနှစ်စီမံကိန်း**

ယုဇန ဘက်စုံစိုက်ပျိုးရေးစီမံကိန်းသည် မြစ်ကြီးနား-တနိုင်း ကားလမ်းဝဲ/ယာ မိုင်တိုင်အမှတ် ၇၄ မှ ၉၀၊ မိုင်တိုင်အမှတ် ၉၈ မှ ၁၁၄ တို့တွင် မြေလွတ်မြေရိုင်းများ ဖော်ထုတ်၍ ကြံနှင့် ပီလောပီနံတို့ကို ဧကနှစ်သိန်း စိုက်ပျိုးရန်လျာထားပြီး ငါးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တနိုင်းမြို့ ဟူးကောင်းခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ရှင်းလင်းမှာကြားသည်။

**ပူးပေါင်းဆောင်ရွက်**

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဌာနဆိုင်ရာ ဝန်ထမ်းများသည် ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ တိုးတက်ရန် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်း၍ စနစ်တကျ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တနိုင်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ပြည်သူ့ဆေးရုံရှိ ခွဲစိတ်ခန်းနှင့်ဓာတ်မှန်ခန်းများကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာ ဒေါ်ရီရီသွယ်နှင့် တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တနိုင်းတပ်နယ်ခန်းမ၌ တနိုင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ စိုက်ပျိုး၊ မွေးမြူရေးကို ဒေသခံ တိုင်းရင်းသား ပြည်သူများအတွက် စံနမူနာပြ ဆောင်ရွက်ရေး၊ ဒေသနှင့် ကိုက်ညီမည့် စပါးနှင့် အခြားနှစ်ရှည်သီးနှံများကိုလည်း စိုက်ပျိုးကြရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ရေး မှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

## မုံ့ဘိုးဘွားရိပ်သာမှ ဘိုးဘွားများအတွက် လှူဒါန်းနိုင်

**ရန်ကုန် နိုဝင်ဘာ ၂၂**

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မုဒုံဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မုဒုံဘိုးဘွားရိပ်သာရှိ ဘိုးဘွားများ နိုဝင်ဘာ ၂၇ ရက်တွင် ရန်ကုန်မြို့သို့ ဘုရားဖူးနှင့် လေ့လာရေးခရီးစဉ် လာရောက်မည်ဖြစ်သည်။

ဘိုးဘွားများ ဘုရားဖူးသွားလာနိုင်ရေး အဆင်ပြေချောမွေ့မှုများ ရှိစေရန် မုဒုံအသင်း(ရန်ကုန်)မှ ဘိုးဘွားများအတွက် ရည်စူး အလှူငွေများ၊ ပစ္စည်းများ ဂါရဝပြုပူဇော်မည်ဖြစ်ရာ မုဒုံအသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ကြည်ထွန်း(ငြိမ်း) ဖုန်း-၅၇၀၈၈၂၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အေးကျော်(ငြိမ်း) ဖုန်း-၀၉-၈၀ ၃၄၅၁၇၊ အတွင်းရေးမှူး ဦးသာလှ ဖုန်း-၅၃၉၄၅၃နှင့် ဘဏ္ဍာရေးမှူး ဦးစိုးတင် ဖုန်း-၅၃၈၇၂၁ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**





**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ငမိုးရိပ်တံတား(ကမာကြည်) ချဉ်းကပ်လမ်း ဖောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ငမိုးရိပ်တံတား(ကမာကြည်)ဆောက်လုပ်ရေးစီမံကိန်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောလျင်စွာပြီးစီးရေး မှာကြား

ရန်ကုန် နိုဝင်ဘာ ၂၂

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန် အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ကမာကြည်လမ်း၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ငမိုးရိပ်တံတား(ကမာကြည်) ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ငမိုးရိပ်တံတား(ကမာကြည်)ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။**

**ရှင်းလင်းတင်ပြ**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တို့နှင့်အတူ မွန်းလွဲ ၂ နာရီတွင် ငမိုးရိပ်တံတား(ကမာကြည်) ဆောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီး ဦးစိုးတင့်က ငမိုးရိပ်တံတား(ကမာကြည်) တည်ဆောက်ပြီးစီးမှုအခြေအနေ၊ တံတားသို့ဆက်သွယ်ထားသည့် ချဉ်းကပ်လမ်းများ ဆောင်ရွက်ထားမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ငမိုးရိပ်တံတား(ကမာကြည်) ဆောက်လုပ်ရေးစီမံကိန်း အင်ဂျင်နီယာမှူး ဦးဟန်စိုးက ငမိုးရိပ်တံတား (ကမာကြည်) တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့်အစီအစဉ် အသေးစိတ်တို့နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တံတားကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ကမာကြည်လမ်းဝဲယာ၌ ရေနုတ်မြောင်းများပါ တစ်ပါတည်း တူးဖော်သွားရေးတို့ကို ဆောလျင်စွာပြီးစီးရေး မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က လမ်းများခင်းကျင်းထားရှိမှု၊ တံတားပေါ်မှ ၁၆ လက်မ ရေပိုက်သွယ်တန်းပြီး သာကေတသို့ ရေပေးဝေမည့်အခြေအနေတို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ငမိုးရိပ်တံတား(ကမာကြည်)သည် လေးလမ်းသွားဖြစ်သည်နှင့်အညီ လမ်းများကို ကတ္တရာလမ်းဖြစ်အောင် အချိန်မီ တိုးချဲ့ဆောက်လုပ်သွားရန်နှင့် သုဝဏ္ဏနှင့် သာကေတဘက်ရှိ တံတားတွင် ရေပိုက်လိုင်းသွယ်ခြင်းနှင့် ရေမြောင်းများ ဖောက်လုပ်ရန်တို့ကို တစ်ချိန်တည်းပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

**သတ်မှတ်ချိန်ပြီးစီးရေး**

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန (စီမံကိန်းနှင့်ရေသန့်) ညွှန်ကြားရေးမှူး ဦးအောင်ထွန်းက ရေမြောင်းများတည်ဆောက်မှု၊ တံတားတစ်ဖက်တစ်ချက်ရှိ ကွန်ကရစ်လမ်းများ ခင်းကျင်းထားရှိမှုအခြေအနေများနှင့် ပဲခူးမြစ်ဘေး ဒဂုံဆိပ်ကမ်းမှ သရက်ပင်ချောင်းအထိ ကွန်ကရစ်လမ်းပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ပွင့်လင်းရာသီရောက်ချိန်ဖြစ်၍ လုပ်ငန်းများကို သတ်မှတ်ထားချိန်တွင် ပြီးစီးအောင် ဆောင်ရွက်ရေးကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ငမိုးရိပ်တံတား(ကမာကြည်) ပေါ်သို့တက်ရောက်ပြီး ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မတန်းများကို ဆက်သွယ်သည့် ကြားတန်းများ ကွန်ကရစ်လောင်းနေမှု၊ သာကေတဘက်ကမ်းရှိ မြေကာနံရံတည်ဆောက်နေမှု၊ ချဉ်းကပ်လမ်းများ တည်ဆောက်ရန်အတွက် မြေဖို့နေမှုနှင့် ၁၆ လက်မ ရေပိုက်သွယ်ယူထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

**ငမိုးရိပ်တံတား(ကမာကြည်)**

အဆိုပါ ငမိုးရိပ်တံတား(ကမာကြည်)သည် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏမြို့နှင့် သာကေတမြို့နယ်တို့ကို ဆက်သွယ်ကာ ငမိုးရိပ်ချောင်းကို ဖြတ်သန်းတည်ဆောက်ထားပြီး တံတားအရှည်မှာ ပေ ၉၇၀၊ ယာဉ်သွားလမ်းအကျယ်မှာ ၄၈ ပေနှင့် တံတားဝဲယာတို့၌ လူသွားလမ်း ခြောက်ပေစီ ထည့်သွင်းတည်ဆောက်ထားသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ် အကျယ်မှာ ၆၅ ပေနှင့် အမြင့် ၁၁ ပေရှိပြီး တံတားခွင့်ပြု ယာဉ်အလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

တံတားတည်ဆောက်ခြင်းလုပ်ငန်း၌ ဘိုးပိုင်လုပ်ငန်းအားလုံး ပြီးစီး၍ တံတားရှိ အခန်း ၁၂ ခန်းအနက် ၁၀ ခန်းမှာ ကွန်ကရစ်ကြမ်းခင်းလုပ်ငန်းများ ပြီးစီးပြီး လက်ရန်း၊ လူသွားလမ်းနှင့် ရေလယ်တိုင် ကက်လောင်းခြင်းများသာ ကျန်ရှိသည့်အတွက် လုပ်ငန်းတစ်ခုလုံး၏ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

**တံတားချဉ်းကပ်လမ်းများ**

တံတားချဉ်းကပ်လမ်းမှာ သုဝဏ္ဏမြို့ဘက်တွင် ပေ ၅၂၀ နှင့် သာကေတမြို့နယ်ဘက်တွင် ပေ ၄၀၀ ရှိပြီး သုဝဏ္ဏမြို့ရှိ ချဉ်းကပ်လမ်းမှာ မြေဖို့ခြင်းလုပ်ငန်း ပြီးစီးနေပြီး သာကေတဘက်ရှိ ချဉ်းကပ်လမ်းမှာ မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

**ဆောက်လုပ်ဆဲ ငမိုးရိပ်တံတား(ကမာကြည်) တည်ဆောက်ပြီးစီးနေမှုအခြေအနေကို တွေ့ရစဉ်။** (သတင်းစဉ်)



# ဂျပန်-ဗီယက်နမ် စီးပွားဖက်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်မည်

**ဟနွိုင်း နိုဝင်ဘာ ၂၂**

နှစ်နိုင်ငံစီးပွားဖက်အဖြစ် အပြန်အလှန် တိုးမြှင့်ဆောင်ရွက်ရေး စာချုပ် ချုပ်ဆိုရန် ဗီယက်နမ်နှင့် ဂျပန်နှစ်နိုင်ငံတို့က သဘောတူညီလိုက်ကြပြီဖြစ်ကြောင်း ဗီယက်နမ်သတင်းဌာနက နိုဝင်ဘာ၁၉ ရက်၌ သတင်းထုတ်ပြန်သည်။

ထိုသို့စာချုပ်ချုပ်ဆိုရေး သဘောတူညီမှု ဆုံးဖြတ်ချက်ကို ဗီယက်နမ်ဝန်ကြီးချုပ် ငုရင်တန်ဒန်နှင့် ဗီယက်နမ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့ ဟနွိုင်းမြို့တွင် နိုဝင်ဘာ ၁၉ ရက်က တွေ့ဆုံဆွေးနွေးစဉ် သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

## သဘောတူညီ

နှစ်နိုင်ငံအနေဖြင့် လုံခြုံရေးနှင့် ကာကွယ်ရေးတို့တွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး၊ သံတမန်ရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့တွင် အဆင့်မြင့်စွမ်းအားပြည့် ပူးပေါင်းဆောင်ရွက်ရန် ဝန်ကြီးချုပ်နှစ်ဦးတို့က သဘောတူညီခဲ့ကြသည်။

## ထူထောင်ရန်

ထို့အပြင်နှစ်နိုင်ငံစလုံးမှ နိုင်ငံခြားရေးဝန်ကြီးများဦးဆောင်ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကော်မတီကို ထူထောင်ရန်လည်း အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဖြစ်သည်။

## မျှော်လင့်

ဂျပန်အစိုးရအနေဖြင့် ဗီယက်နမ်နိုင်ငံနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားမည်ဟု မျှော်လင့်ကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ပူးပေါင်းဆောင်ရွက်ရာတွင် နှစ်နိုင်ငံဆက်ဆံရေးသည် အရေးကြီးကြောင်း ဗီယက်နမ်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ၁၄ ကြိမ်မြောက် အေပက်အစည်းအဝေးကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် ချီးကျူးလိုက်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်အဖြစ် ရောက်ရှိလာမှုကိုလည်း ဂုဏ်ပြုပြောကြားခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**



**ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်ဘုရားကျောင်းဝင်းအတွင်း ကျင်းပသည့် "ကမ္ဘာ့ယဉ်ကျေးမှုပွဲတော်၂၀၀၆" ဖွင့်ပွဲအခမ်းအနားတွင် ရှေးခေတ်ဝတ်စားဆင်ယင်မှုဖြင့် ကမ္ဘောဒီးယားလှပျိုဖြူများအား နိုဝင်ဘာ ၂၁ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ရုရှားကြည်းတပ် အဆင့်မြှင့်တင်မည်

**မော်စကို နိုဝင်ဘာ ၂၂**

ရုရှားနိုင်ငံသည် လာမည့်နှစ်တွင် ကာကွယ်ရေးအသုံးစရိတ်ကို ရူဘယ် ငွေဘီလီယံ ၈၂၀(အမေရိကန်ဒေါ်လာ ၃၁ဘီလီယံ) သုံးစွဲပြီး ကြည်းတပ် အဆင့်မြှင့်တင် တပ်ဆင်မှုတွင် ရူဘယ်ဘီလီယံ ၃၀၀(အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံ) သုံးစွဲသွားမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂျီအိုင်ဗာနော့ဗ်က နိုဝင်ဘာ ၁၉ ရက်တွင် ပြောကြားလိုက်သည်။

## စမ်းသပ်ခြင်း

အဆိုပါငွေကြေးကို သုတေသန၊ ဒီဇိုင်းနှင့် စစ်မြေပြင်စမ်းသပ်ခြင်းကဲ့သို့သော စစ်ပစ္စည်းအသစ်များဝယ်ယူရန်အတွက် အသုံးပြုမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်လည်းဖြစ်သူ အိုင်ဗာနော့ဗ်က ပြောကြားသည်ကို အင်တာဖက်သတင်းဌာနက ဖော်ပြသည်။

## တိုးမြှင့်သုံးစွဲ

ရုရှားနိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်သည် မကြာသေးသည့်နှစ်များက တိုးမြှင့်သုံးစွဲခဲ့ကြောင်း၊ ရုရှားစစ်ဘက်လုပ်ငန်းတွင် ရုရှားနိုင်ငံသားများအား အလုပ်အကိုင်များ အများအပြားရရှိစေခဲ့ကြောင်း ၎င်းကပြောကြားသည်။

ရုရှားနိုင်ငံ၏ လက်နက်တင်ပို့ရောင်းချမှုမှရရှိငွေမှာ ယမန်နှစ်က အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံရှိခဲ့ကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ကိုလံဘီယာ၌ ကုန်တင်လေယာဉ်ပျက်ကျ

**ဘိုဂိုတာ နိုဝင်ဘာ ၂၂**

ကိုလံဘီယာနိုင်ငံအရှေ့တောင်ပိုင်း လီတီစီရာမြို့တွင် နိုဝင်ဘာ ၁၈ ရက်က ကုန်တင်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လူလေးဦးသေဆုံးခဲ့ကြောင်း ကိုလံဘီယာနိုင်ငံ အမေဇုန်ဒေသ အုပ်ချုပ်ရေးမှူး ဂလောရီရာအိုရိဘိုင် ရိုဒရီဂွိဇ်က နိုဝင်ဘာ ၁၉ ရက်၌ ပြောကြားသည်။

## တိုက်မိ

အဆိုပါ ကုန်တင်လေယာဉ်သည် လီတီစီရာမြို့လေဆိပ်မှ ငါးကီလိုမီတာအကွာရှိ အသံလွှင့်တာဝါတိုင်နှင့်တိုက်မိပြီးပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုလေယာဉ်မှာ နိုဝင်ဘာ ၁၈ ရက် ည ၉ နာရီ ၅ မိနစ်အချိန်တွင် ပျက်ကျခဲ့ခြင်းဖြစ်ပြီး လေယာဉ်အမှုထမ်းသုံးဦးနှင့် လေယာဉ်ပေါ်တွင်ပါရှိသော ခရီးသည်တစ်ဦးတို့ သေဆုံးခဲ့ရသည်။

## ပုံမှန်ပျံသန်း

အဆိုပါ ကုန်တင်လေယာဉ်မှာ ကိုလံဘီယာနိုင်ငံမြို့တော် ဘိုဂိုတာနှင့် လီတီစီရာမြို့သို့ ငါးများတင်ဆောင်ပျံသန်းသော လေယာဉ်ဖြစ်သည်။ ထိုလေယာဉ်မှာ သီတင်းအပတ်စဉ် အင်္ဂါနေ့နှင့် စနေနေ့များ၌ ငါးများတင်ဆောင်ကာ ပုံမှန် ပျံသန်းပြေးဆွဲနေသော လေယာဉ်ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ



**ကိုလံဘီယာနိုင်ငံ၌ လီတီစီရာမြို့၌ ကုန်တင်လေယာဉ်တစ်စင်း ပျက်ကျနေသည်ကို နိုဝင်ဘာ ၁၉ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# သီရိလင်္ကာ၌ ရေလွှမ်းမိုးမှုနှင့် မြေပြိုမှု ဖြစ်ပွား ၅၂ ဦးသေဆုံး၊ အများစု ဘေးဒုက္ခကြုံတွေ့

**သီရိလင်္ကာနိုင်ငံ ကူရူနီဂါလာပြည်နယ်၌ မိုးသည်းထန်ပြီး ရေလွှမ်းမှုဖြစ်ပွားနေသည်ကို နိုဝင်ဘာ ၁၉ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



**ကိုလံဘို နိုဝင်ဘာ ၂၂**

သီရိလင်္ကာနိုင်ငံတွင် ပြီးခဲ့သည့် သီတင်းပတ်နှစ်ပတ်ခန့်အတွင်း ရေလွှမ်းမှုနှင့် မြေပြိုမှုများကြောင့် ပြည်သူ ၈၈၀၀၀ခန့် ဘေးဒုက္ခကြုံတွေ့ ခဲ့ရပြီး အနည်းဆုံး ၅၂ ဦးသေဆုံးခဲ့ရကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ မိုးအဆက်မပြတ်သည်းထန်စွာ ရွာသွန်းခဲ့၍ဖြစ်ကြောင်း သီရိလင်္ကာ အရာရှိများက နိုဝင်ဘာ ၁၉ ရက်၌ ပြောကြားသည်။

## နစ်မြုပ်ခဲ့

သီရိလင်္ကာနိုင်ငံ၏ အချို့အစိတ်အပိုင်းများသည် ရေအောက်နစ်မြုပ်ခဲ့ရပြီး ရေလွှမ်းမှုဒဏ်ဆိုးရွားစွာခံစားရကြောင်း သီရိလင်္ကာနိုင်ငံ အမျိုးသားသဘာဝဘေးဒုက္ခဆိုင်ရာ ညွှန်ကြားရေးမှူး အင်ဒီဟက်တီရာချီက ပြောကြားသည်။

## ရေလွှမ်းခြင်းခံရ

သီရိလင်္ကာနိုင်ငံ၏ ကူရူနီဂါလာပြည်နယ် အနောက်မြောက်ပိုင်း အင်ရူရတ်ဟာပူရာပြည်နယ် မြောက်ပိုင်း၊ ဘင်ဒါရာဂါမာ-ကာလူတာရာ ပြည်နယ်တို့အကြား အဝေးပြေးလမ်းမကြီးများ ရေလွှမ်းခြင်းခံခဲ့ရသည်။

## မြေပြိုမှုဖြစ်ပွား

ထို့အတူ ကင်ဒီ-မာဟီယန်ဂါနာ ပြည်နယ်အလယ်ပိုင်းနှင့် ကင်ဒီ-ကူယူနီဂါလာ အဝေးပြေးလမ်းများတွင် မြေပြိုမှုများ ဖြစ်ပွားခဲ့သည်။ လာမည့်ရက် အနည်းငယ်အထိ မိုးဆက်လက်ရွာသွန်းဖွယ်ရှိကြောင်း သီရိလင်္ကာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒဌာနမှညွှန်ကြားရေးမှူး အက်စ်အိတ်ချ်ကာရီယာဝါဆမ်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၂၈၆၀ ကျော်ပြီ

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၂**

အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးနှင့် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသည် ပြီးခဲ့သော သီတင်းပတ်ကုန်က အီရတ်၌ တိုက်ခိုက်ခံရပြီး သေဆုံးခဲ့ကြောင်းအမေရိကန် စစ်ဘက်က နိုဝင်ဘာ ၂၀ရက်တွင် ပြောကြားသည်။

## သေဆုံး

အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသည် အမှတ် (၈၉)တပ်ရင်း၌ တာဝန်ထမ်းဆောင်နေပြီး နိုဝင်ဘာ ၁၈ရက်က ဘဂ္ဂဒက်အရှေ့တောင်ပိုင်း၌ ကင်းလှည့်စဉ် ၎င်း၏ မော်တော်ယာဉ်က လက်လုပ်ဗုံးကိုနင်းမိကာ ပေါက်ကွဲ၍ ဒဏ်ရာ ရရှိပြီး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်၏ ကြေညာချက်တွင်ဖော်ပြသည်။

## ဖော်ပြ

အမှတ်(၅) တိုက်ခိုက်ရေးတပ်မှ မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသည် အင်ဘာပြည်နယ်၌ နိုဝင်ဘာ ၁၉ ရက်က စစ်ဆင်ရေးတွင် ရန်သူ့လက်ချက်ဖြင့် ဒဏ်ရာများရရှိကာ ကျဆုံးခဲ့ခြင်းဖြစ်ကြောင်း ၎င်းကြေညာချက်တွင် ဖော်ပြသည်။

## ကျူးကျော်

၂၀၀၃ခုနှစ် မတ်လက အီရတ်ကို အမေရိကန်ဦးဆောင်၍ ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၂၈၆၀ ကျော် ရှိသွားပြီဖြစ်ကြောင်း မီဒီယာမှတ်တမ်းအရ သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ရထားစီးခရီးသည်များပိုမိုအဆင်ပြေစေရေး မော်လမြိုင်-ရန်ကုန်အထူးအမြန်ရထားစတင်ပြေးဆွဲ

ရန်ကုန် နိုဝင်ဘာ ၂၂

**ရန်ကုန်နှင့်မော်လမြိုင် ကူးသန်းသွားလာကြသည့် ရထားစီးခရီးသည် တိုးတက်များပြားလာသည့်အလျောက် ခရီးသွားလာမှုပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏အစီအစဉ်ဖြင့် ရန်ကုန်- မော်လမြိုင် လမ်းပိုင်းတွင် အထူးအမြန် ရထားစတင်ပြေးဆွဲသည့်အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် နံနက် ၅ နာရီခွဲတွင် မော်လမြိုင် ဘူတာကြီးစင်္ကြံ အမှတ်(၁)၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် တို့တက်ရောက်အားပေးချီးမြှင့်ကြပြီး အထူးအမြန်ရထားဖြင့် စီးနင်းလိုက်ပါသွားကြမည့် ခရီးသွားပြည်သူများအား အထူးအမြန်ရထား စတင်ပြေးဆွဲခြင်းအထိမ်းအမှတ် လက်ဆောင်ပစ္စည်းပေးအပ်ကြသည်။** (ယာပုံ)



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် ဒုတိယဝန်ကြီးသူရ ဦးသောင်းလွင်တို့က အမှတ် (၃၆) အစုန်မော်လမြိုင်-ရန်ကုန် အထူးအမြန် ရထား စတင်ပြေးဆွဲသည့်ခရီးစဉ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းနှင့် ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်တို့က အမှတ်(၃၆) အစုန်မော်လမြိုင်-ရန်ကုန်အထူးအမြန် ရထားပြေးဆွဲမည့် တွဲဆိုင်းသစ်ကို အမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် တိုင်းမှူးနှင့် ဒုတိယ ဝန်ကြီး၊ တာဝန်ရှိ ဌာနဆိုင်ရာ အကြီးအကဲများက အမှတ်(၃၆) အစုန် မော်လမြိုင်-ရန်ကုန် အထူးအမြန် ရထားတွဲဆိုင်းများပေါ် တက်ရောက် ကြည့်ရှုစစ်ဆေးကြပြီး အထူးအမြန် ရထားဖြင့် စီးနင်းလိုက်ပါကြမည့် ခရီးသည်များအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ကာ ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဒုတိယ ဝန်ကြီးတို့သည် နံနက် ၆ နာရီ ၁၅ မိနစ် တွင် အမှတ်(၃၆)အစုန် မော်လမြိုင်-ရန်ကုန် အထူးအမြန်ရထား မော်လမြိုင် ဘူတာကြီးစင်္ကြံအမှတ်(၁)မှ စတင် ထွက်ခွာစဉ် သထုံဘူတာအထိ လိုက်ပါ စီးနင်းကြသည်။

အဆိုပါ အထူးအမြန်ရထားကို ရန်ကုန်-မော်လမြိုင် လမ်းပိုင်းတွင် အဆန်၊ အစုန်ပြေးဆွဲပေးမည်ဖြစ်၍ အမှတ်(၃၅)အဆန် ရန်ကုန်-မော်လမြိုင် အထူးအမြန်ရထားသည် ရန်ကုန် ဘူတာကြီးမှ နေ့စဉ်နံနက် ၇ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ အမှတ် (၃၆)အစုန်အထူးအမြန်ရထားသည် မော်လမြိုင်ဘူတာကြီးမှ နေ့စဉ်နံနက် ၆ နာရီတွင်လည်းကောင်း စတင်ထွက် ခွာကြမည်ဖြစ်ပြီး လမ်းခရီးတွင် ကျိုက်ထိုဘူတာ၌ ရပ်တန့်ပေးမည် ဖြစ်သည်။

ရန်ကုန်-မော်လမြိုင်နှင့် မော်လ မြိုင်-ရန်ကုန် အထူးအမြန်ရထားများ တွင် ရိုးရိုးတန်းရှစ်တွဲ၊ အထက်တန်း ထိုင်ခုံနှစ်တွဲ၊ အထက်တန်းအိပ်ခန်း တစ်တွဲပါရှိသည်။

ယနေ့စတင်ပြေးဆွဲသည့် မော်လ မြိုင်-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင် အထူးအမြန်ရထားများ၏ ရထားအတွဲ များသည် ၂၀၀၆ ခုနှစ်တွင် နိုင်ငံတော် ဝန်ကြီးချုပ်၏ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက ချစ် ကြည်ရေးလက်ဆောင်အဖြစ်ပေးအပ် သော လူစီးရထားတွဲ ၁၃၀ မှ တွဲများ ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း မွေးမြူရေးစခန်းတာဝန်ခံများအားတွေ့ဆုံ လျာထားချက်များကျော်လွန်ရေး အားထည့်ဆောင်ရွက်ရန်မှာကြား

ရန်ကုန် နိုဝင်ဘာ ၂၂

**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် နိုဝင်ဘာ ၁၈ရက် ညနေပိုင်း တွင် ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ တိုင်းငါးလုပ်ငန်းဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး ဧရာဝတီတိုင်းအတွင်းရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဦးစီးဌာနမှူးများ၊ မွေးမြူရေးစခန်းတာဝန်ခံများအား တွေ့ဆုံကာ ဝန်ကြီးဌာန၏ လုပ်ငန်းလျာထားချက်များပြည့်ဝကျော်လွန်စေရေးအတွက် အဘက်ဘက်မှ အားထည့်ဆောင်ရွက်ရေး အသေးစိတ် ရှင်းလင်းဆွေးနွေးမှာကြားသည်။**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်း သည် နိုဝင်ဘာ ၁၉ရက်တွင် ဧရာဝတီ တိုင်း မအူပင်မြို့နယ်ရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုက ဆောင်ရွက်လျက်ရှိသော ဖြိုးရောကုမ္ပဏီ လီမိတက် ငါးမွေးမြူရေးလုပ်ငန်း အမှတ်(၁) ငါးမွေးမြူရေးစခန်း (သဇင် ရေကျော်)က အသားတိုးငါး တစ်နေ့ လျှင် ပိဿာချိန် နှစ်သောင်း ဖော် ထုတ်ပြီး ဈေးကွက်အတွင်းသို့ တင်ပို့ ရောင်းချနေမှု အခြေအနေကိုလည်း ကောင်း၊ ဆက်လက်၍ အမှတ်(၂) ငါးမွေးမြူရေးစခန်း (ဝါးတော) သို့ ရောက်ရှိပြီး မွေးမြူရေးစခန်း တာဝန်ခံ ဦးလှမြင့်အောင်နှင့် တာဝန်ရှိသူများက မွေးမြူထားရှိမှု အခြေအနေနှင့် ငါးငယ် ကန်၊ ငါးလတ်ကန်နှင့် အသားတိုး မွေးမြူကန်များရှိ ငါးများ ကြီးထွားနှုန်းနှင့် ရေအရည်အသွေးအခြေအနေ များကို လည်းကောင်း တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက် မှာကြားသည်။

**လိုအပ်သည်များမှာကြား**

ထို့နောက် ဝန်ကြီးသည် ငါးဖျန်း ပြုစုကန်ငယ်များနှင့် အသားတိုး မွေးမြူ ရေးကန်များကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ငါးကန်လုပ်သားများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြား ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဖြိုးရောကုမ္ပဏီ လီမိတက် အမှတ်(၂) ငါးမွေးမြူရေးစခန်း (ဝါးတော)ရှိ အသားတိုးငါးများ၏ ကြီးထွားနှုန်း ချိန်တွယ်စစ်ဆေးစဉ်။** (မွေး/ရေ)

# အင်တာနက် သတင်းနှင့်ဓာတ်ပုံ

## အင်္ဂါဂြိုဟ်လေ့လာရေးအမ်ဂျီအက်စ်အာကာသယာဉ် နိုဝင်ဘာ ၂ရက်မှစ၍ အဆက်အသွယ်မရတော့

အင်္ဂါဂြိုဟ်လေ့လာရေး အမ်ဂျီအက်စ်အာကာသာယာဉ်မှာ ပျောက်ဆုံး နေသည့် လက္ခဏာရှိပြီး ပြန်မရနိုင်တော့ကြောင်း အမေရိကန် အာကာသ အေဂျင်စီ(နာဆာ)က ကြေညာသည်။

**အဆက်အသွယ်**

၁၉၉၆ခုနှစ် နိုဝင်ဘာလကတည်းက လွှတ်တင်ထားသည့် အမ်ဂျီအက်စ် အာကာသယာဉ်ကို နိုဝင်ဘာ ၂ရက်ကတည်းက ဆက်သွယ်၍ မရတော့ပေ။ အမ်ဂျီအက်စ်နှင့် အဆက်အသွယ်ပြန်လည်ရရှိရေးအတွက် အင်္ဂါဂြိုဟ်ပေါ်ရှိ ဂြိုဟ်ဆင်းယာဉ် ရိုဗာအပေါ်ကျူးနစ်တီကို အသုံးပြုမည်ဖြစ်ကြောင်း၊ အမ်ဂျီ အက်စ် အာကာသယာဉ်သည် အင်္ဂါဂြိုဟ်နှင့်ပတ်သက်၍ အချက်အလက် အများအပြားကို အသိပေးခဲ့ပြီး အင်္ဂါဂြိုဟ်အကြောင်း သိစရာအချက်အလက် အများအပြားကိုလည်း ဆက်လက်စူးစမ်းရန် အထောက်အကူပေးခဲ့ကြောင်း အင်္ဂါဂြိုဟ်လေ့လာရေး အစီအစဉ်မန်နေဂျာဖတ်လီက ပြောဆိုသည်။

**မျှော်လင့်မှု**

ဂြိုဟ်ဆင်းယာဉ် ရိုဗာအပေါ်ကျူးနစ်တီကို အသုံးပြုသော်လည်း ပြန်လည် အဆက်အသွယ်ရရေးမှာ မျှော်လင့်ချက်မရှိတော့ကြောင်း တာဝန်ရှိသူများက ဝန်ခံပြောကြားသည်။ **(ကိုးကား-အင်တာနက်)**



# မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဟောပြောပွဲ လှိုင်သာယာအမျိုးသမီးရေးရာ အဖွဲ့ကြီးမှူးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၂**

လှိုင်သာယာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဟောပြောပွဲကို နိုဝင်ဘာ ၁၇ ရက်က အထက(၁) လှိုင်သာယာ အားကစားရုံ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်ခင်က အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာမြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)က **“ထိန်းသိမ်းအပ်သည့် မျိုးချစ် စိတ်ဓာတ်”** ခေါင်းစဉ်ဖြင့် ဟောပြောသည်။

အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အထက(၁)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၀၀ခန့် တက်ရောက်ကြကြောင်း သိရသည်။ **(က-ပ)**

# ကံထူးဓမ္မရိပ်သာ မိုးကုတ်တရားစခန်းပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ပဲခူးမြို့ ကံထူးဓမ္မရိပ်သာကျောင်း တိုက်၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော မိုးကုတ်ဝိပဿနာ တရားစခန်းပွဲကို ဒီဇင်ဘာ ၈ ရက် (သောကြာနေ့)တွင် ဖွင့်လှစ်မည်ဖြစ်ရာ မိုးကုတ်ဆရာတော် ကြီး၏ ဥပနိဿယအတိုင်း နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝါယမနှင့် နယ်လှည့် ဓမ္မကထိက ဘဒ္ဒန္တနန္ဒသာရတို့အား ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်တရား တော်များကို ဟောကြားပြသတော်မူ မည် ဖြစ်သည်။ **(က-ပ)**

**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတု စိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ကျေးစူးရှင် မိခင်ကြီး ဒေါ်အေးမြအားရည်စူးပြီး ဖခင်ကြီး ဦးအောင်ကြည်အား အမှူးထား၍ ကျန်ရစ်သူသားကြီးက အလှူငွေကျပ် ၁၅၀၀၀၀ ကို နာယက ဆရာတော် မိုးညှင်း အရှင်ဣန္ဒကက တရားဟော ရေစက်ချပြီး ကျောင်းဆောင်ဖြစ်မြောက် ရေးအဖွဲ့ ဦးသိန်းဇော် လက်ခံယူစဉ်။**

(က-ပ)



● ကျောဖုံးမှ

## အလေးထားကြိုးပမ်း

စိုက်ပျိုးရေးကဏ္ဍတွင် ပဲမျိုးစုံ စိုက်ဧကများ တိုးတက်လာစေရန် မိုးရာသီပဲအဖြစ် ငဝန်မြစ် အနောက်ဘက်ခြမ်းနှင့် သိလ္လာဒေသ ကုန်းကြောတို့၌ ပဲစင်းငုံစိုက်ပျိုးပါက ဖြစ်ထွန်းနိုင်မည်ဖြစ်၍ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိရာ တိုင်းအတွင်း သတ်မှတ်ထားသော စိုက်ဧကရရှိစေရန် အလေးထား ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မွေးမြူရေးကဏ္ဍတွင် ရေချိုငါးကန်များအား သတ်မှတ်ဧက ၁၁၀၀၀၀ ပြည့်မီအောင် ဆောင်ရွက်ရန်နှင့် ပုစွန်ကန်အနေဖြင့် သိပ္ပံနည်းကျမွေးမြူပြီး အထွက်နှုန်းတိုးတက်ရေးအတွက် ပညာပေး ဆောင်ရွက်မှုများကို ယခုထက်ပိုမိုဆောင်ရွက်ပြီး ကြိုးပမ်းမွေးမြူထုတ်လုပ်ကြရမည်ဖြစ်ကြောင်း၊ သားငါးကဏ္ဍအတွက် ဒေသ၌ဖြစ်ထွန်းသည့် ကြက်နှင့်ဘဲကိုတိုးချဲ့ မွေးမြူကြရန်နှင့် ပင်လယ်ကမ်းနီး ကမ်းဝေး ငါးဖမ်းလုပ်ငန်းများကို ပိုမိုတိုးတက်လာစေရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ဒေသ၌အောင်မြင်မှုရှိသော စက်မှုလုပ်ငန်းများကို ဖော်ထုတ်၍ မြေတောင်မြှောက်ပေးကြရမည်ဖြစ်ကြောင်း။

ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များ မှာကြားသည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ကြက်မျိုးကောင်းမျိုးသန့်များနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် စခန်းအတွင်း မွေးမြူထားသော ကြက်ဥနှင့် ကြက်သားများ ကြက်သားဖောက်စက်လုပ်ငန်း လည်ပတ်မှု၊ မိဘမျိုးကြက်များ မွေးမြူထားရှိမှုတို့ကို လှည့်လည်





❐ ရှေ့ဖုံးမှ

တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရေး မှာကြားသည်။

## ဖြည့်စွက်တင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မိုင်းဆတ်မြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီးဒေါ်ကေသီစိုးက သင်ကြားပို့ချရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးပြီး မှာကြားရာတွင် ပြည်နယ်အတွင်း ဝေးလံခက်ခဲသောနယ်မြေဒေသအပါအဝင် ပတ်ဝန်းကျင်ဒေသအသီးသီးတို့မှ တက်ရောက်ပညာသင်ယူလျက်ရှိကြသည့် ဒေသခံတိုင်းရင်းသူလူငယ်များ၏ လိုအပ်ချက်များကို သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်း အဆင့်ဆင့်နှင့် ဌာနဆိုင်ရာများက အတတ်နိုင်ဆုံး ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ သင်တန်းသူများအနေဖြင့်လည်း သင်ယူရရှိသက်သက်မဟုတ်ဘဲ မိမိဘဝ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းသဖွယ် အားကိုးအားထားပြုနိုင်အောင် အပတ်တကုတ်ကြိုးစားသင်ယူကြစေလိုကြောင်းဖြင့် မှာကြားသည်။

## ထောက်ပံ့ငွေများပေးအပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သင်တန်းသူများက ချုပ်လုပ်ထားသည့် အသုံးအဆောင်အဝတ်အထည်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဒေါ်ကေသီစိုး က ရှင်းလင်းပြသသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက သင်တန်းသူများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မိုင်းဆတ်–တာချီလိတ်လမ်းအတိုင်း ဆက်လက်ထွက်ခွာလာပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဝမ်ဟုန်ဒေသ ဘိန်းအစားထိုးစိုက်ပျိုးရေးစီမံကိန်း စိုက်ပျိုးရေးခြံသို့ ရောက်ရှိကြရာ ဒေသခံတိုင်းရင်းသားအဖွဲ့မှ ဦးအိုက်လောက်နှင့် တာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသားများက ကြိုဆိုကြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ရှင်းလင်းဆောင်တွင် ဒေသခံတိုင်းရင်းသားအဖွဲ့မှ ဦးကျော်နိုင်က စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာစိုက်ပျိုးထားရှိမှု၊ ပျားလိမ္မော်နှင့် စပါးစသော ဒေသထွက်သီးနှံများ စိုက်ပျိုးထားရှိမှု၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှု၊ စိုက်ပျိုးရေးထွက်ကုန်များ ဖြန့်ဖြူးရောင်းဝယ်မှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

## ပူးပေါင်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက နိုင်ငံတော်၏ ရည်မှန်းချက်နှင့်အညီ နှစ်ရှည်ပင်စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာ၊ လက်ဖက်တို့ကို တိုးချဲ့စိုက်ပျိုးရေး၊ ဘိန်းအစားထိုး အခြားသီးနှံများ တိုးချဲ့၍ ဆက်လက်စိုက်ပျိုးသွားရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုလည်း တွဲဖက်ဆောင်ရွက်ရေး၊ ဘိန်းအစားထိုးသီးနှံဖြစ်ထွန်းအောင်မြင်မှုများကို အများပြည်သူများအပါအဝင် ပြည်ပနိုင်ငံများမှ လာရောက်လေ့လာကြသူများလည်း သိရှိနိုင်ရန် မြန်မာ–အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသား၍ ဆိုင်းဘုတ် စိုက်ထူထားရှိရန် စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးတွင် လွယ်ကူချောမွေ့စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စီမံ ဖြည့်ဆည်းဆောင်ရွက်ပေးရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံတိုင်းရင်းသား ပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

## ဖြန့်ဖြူးရန်စီစဉ်

ဝမ်ဟုန်ဒေသ၌ နှစ်ရှည်ပင်ရော်ဘာ ဧက ၁၀၀၀၀နှင့် ပျားလိမ္မော် ဧက ၃၀၀တွင် ၆၁၁၉၄ ပင်စိုက်ပျိုးထားရှိကြောင်း၊ ကျွဲ၊ နွားနှင့် ဝက်များကိုလည်း မွေးမြူထားပြီး စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုလျက်ရှိကြောင်း၊ ထို့အပြင် ခေတ်မီသောစက်များဖြင့် နှင်းသီး အခြောက်ခံခြင်း လုပ်ငန်းများကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်၍ ဖြန့်ဖြူးသွားရန် စီစဉ်ထားကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ မိုင်းဆတ် – တာချီလိတ်လမ်းတစ်လျှောက်ရှိ လမ်းနှင့်တံတားများ ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် တာချီလိတ်မြို့သို့ ရောက်ရှိသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဝမ်ဟုန်ဒေသ ဘိန်းအစားထိုးစိုက်ပျိုးရေးစီမံကိန်း စိုက်ပျိုးရေးခြံကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

၆၀ စိုက်ပျိုးထားမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

## စစ်ဆေးဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ဗိုလ်မြတ်ထွန်းတံတားသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သိန်းက ဧရာဝတီမြစ်ရေ စီးဆင်းမှုအခြေအနေနှင့် မြစ်ကမ်းပါး ထိန်းသိမ်းမှုအခြေအနေကိုလည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မအူပင်ခရိုင်အင်ဂျင်နီယာမှူး ဦးသိန်းဦးက ဗိုလ်မြတ်ထွန်းတံတားကြီး၏ ကြံ့ခိုင်မှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တံတားကြီးပတ်ဝန်းကျင်၌ ကမ်းပါးကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရေး တံတားကြီး ရေရှည်တည်တံ့ရေးကိစ္စ သက်ဆိုင်ရာဌာနများ၊ ဒေသအာဏာပိုင် အဖွဲ့အစည်းများ ပါဝင်သောအဖွဲ့ ဖွဲ့စည်း၍ မပြတ်ကြပ်မတ်စစ်ဆေး ဆောင်ရွက်သွားကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**



## တက်ညီလက်ညီဆောင်ရွက်

သို့မှသာဧရာဝတီတိုင်း၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး စီမံကိန်း သတ်မှတ်ချက် ပြည့်မီပြီး ကျော်လွန်အောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများသည် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြမှသာ ဧရာဝတီတိုင်း၏ စီးပွားရေး တိုးတက်လာပြီး လူတစ်ဦးချင်း၏ဝင်ငွေများပါ တိုးတက်လာမည်ဖြစ်သဖြင့် တာဝန်ရှိသူအားလုံး အောက်ခြေအထိကွင်းဆင်းပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် အဖွဲ့ဝင်များသည် အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ မျိုးသန့် ကြက်သားပေါက်ထုတ်လုပ် ဖြန့်ဖြူးရေးစခန်းသို့ ရောက်ရှိကြရာ ကြက်ခြံတာဝန်ခံက စခန်းအတွင်း Back Cock အမျိုးအစား ကြက်၊ အသားစားကြက်နှင့် မျိုးကြက်များ မွေးမြူထုတ်လုပ်ပေးနိုင်ရန် ဆောင်ရွက်နေမှု အခြေအနေ၊ တိုင်းအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များနှင့် စီးပွားဖြစ်မွေးမြူလိုသူများသို့ ဖြန့်ဖြူးရောင်းချပေးမှုနှင့်ကြက်ဥဖောက်စက်၏ လုပ်ငန်း

# ကြည့်ရှုစစ်ဆေး

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ မျိုးကြက်ခြံနှင့်ကြက်သားပေါက်ထုတ်လုပ် ဖြန့်ဖြူးရေးစခန်းရှိ ကြက်သားဖောက်စက်မှ ထွက်ရှိသော ရက်သားကြက်ငယ်များကို တိုင်းကြက်ခြံ စုပေါင်းမွေးမြူရေးရွာ တပ်နယ်တပ်ရင်းတပ်ဖွဲ့များသို့ လည်းကောင်း၊ ဧရာဝတီတိုင်း မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်နှင့် ပူးပေါင်း၍ တိုင်းအတွင်းရှိ မွေးမြူရေး လုပ်ငန်းရှင်များသို့လည်းကောင်း ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

## လိုအပ်သည်များမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ မွေးမြူရေး ကုန်ထုတ်စခန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ စခန်းတာဝန်ခံက မွေးမြူရေးလုပ်ငန်းများနှင့် ထုတ်လုပ်မှုများကို စွမ်းအားပြည့် ဆောင်ရွက်နေမှု အခြေအနေနှင့် အစာစပ်ထုတ်လုပ်မှုလုပ်ငန်းများ အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မွေးမြူရေး ကုန်ထုတ်စခန်းအတွင်း Back cock ကြက်များ မွေးမြူထားမှု၊ မျိုးကောင်းမျိုးသန့်ဝက်များ မွေးမြူထားမှု၊ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားမှုတို့ကိုလည်းကောင်း၊ မွေးမြူရေးကုန်ထုတ်စခန်းရှိ တစ်ရက်လျှင် ပိဿာ၁၆၀၀ ထုတ်လုပ်နိုင်သော အစာစပ်ရုံ၌ မွေးမြူရေးအစားအစာများ ထုတ်လုပ်နေမှုကိုလည်းကောင်း၊ နို့စားနွားမွေးမြူရေးခြံ၌ နို့စားနွားများ မွေးမြူထားရှိမှုကိုလည်းကောင်း၊ တိုင်းစစ်ဌာနချုပ် စိုက်ပျိုးရေးခြံတွင် ခြံစည်းရိုးကြက်ဆူပင် ၅၀၀၀၀ပျိုးထောင်ထားရှိမှုနှင့် ဧက

# Business Ethics ခေါင်းစဉ်ဖြင့် ဟောပြောမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်ပြီး Media Express ၏ ပံ့ပိုးကူညီမှုဖြင့် စီးပွားရေးလုပ်ငန်းရှင်ဦးထိန်ဝင်း(မြစ်မခ)က Business Ethics ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို နိုဝင်ဘာ ၂၅ရက် မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ပြုလုပ်မည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

23-11 (06) 1 11/23/06, 2:10 PM

# မြန်မာ့ရုပ်ရှင် သက်ကြီးရန်ပုံငွေ ပဒေသာကပွဲကြီးတွင်ပါဝင်သည့် တာဝန်ရှိသူများနှင့် ရုပ်ရှင်ကြယ်ပွင့်တို့၏ ဖွင့်ဟစကားသံများ

ရန်ကုန် နိုဝင်ဘာ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ စီစဉ်တင်ဆက်သည့် မြန်မာ့ရုပ်ရှင်သက်ကြီးရန်ပုံငွေ ပဒေသာကပွဲကြီးကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသား ကဇာတ်ရုံတွင် နိုဝင်ဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၆ ရက်အထိ တင်ဆက်ကပြတော့မည်ဖြစ်သည်။

**ထို့ကြောင့် မြန်မာ့ရုပ်ရှင် သက်ကြီးရန်ပုံငွေ ပဒေသာကပွဲကြီးတွင် ပါဝင်သရုပ်ဆောင်ကြမည့် ရုပ်ရှင်အနုပညာသည်များ ကြိုတင်ဇာတ်တိုက် လေ့ကျင့်ရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်ကာ တာဝန်ရှိသူများ၊ ဒါရိုက်တာများနှင့် ရုပ်ရှင်သရုပ်ဆောင်များအား တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်။**

**တွေ့ဆုံမေးမြန်းသူ –မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)**

## ဦးမောင်မောင်ဦး(စနိုးဝှိုက်)

## (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး တွဲဖက်အတွင်းရေးမှူး)

"ရုပ်ရှင်အနုပညာသည် သက်ကြီးတွေအတွက် နှစ်စဉ်ပိုပြီး ကန်တော့နိုင်အောင်လို့ ပြန်ကြားရေးဝန်ကြီးရဲ့ ညွှန်ပြမှုနဲ့ ရုပ်ရှင်လောကသားတွေ ဝိုင်းဝန်းကြိုးစားကြတဲ့ပွဲပါ။ အဆို၊ ဖျော်ဖြေမှုနဲ့ ပြဇာတ်လေးခု ပါဝင်မယ်။ အဆိုက ဇော်ဝမ်း သီဆိုဖျော်ဖြေမှာဖြစ်ပြီး ပြဇာတ်လေးခုမှာ ဒါရိုက်တာတွေက ညွန့်မြန်မာညီညီအောင်၊ ကိုအောင်မင်းသိမ်း၊ မောင်မျိုးမင်း(ရင်တွင်းဖြစ်)နဲ့ မောင်သီတို့ဖြစ်ပါတယ်။ လက်မှတ်တွေကို နိုဝင်ဘာ ၁၉ရက်က စတင်ရောင်းချနေပါပြီ" ဟု မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။ ယခုနှစ်၌ ဘိုးဘွား ၁၁၀ ကို တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှင့် ဆေးဝါးပစ္စည်းများ လှူဒါန်းနိုင်ခဲ့ပြီး နောက်နှစ်များတွင် ယခုထက် ပိုမိုလှူဒါန်းနိုင်မည်ဟု ဦးမောင်မောင်ဦး (စနိုးဝှိုက်)က ဆက်လက်ပြောကြားသွားသည်။



**ဦးမောင်မောင်ဦး(စနိုးဝှိုက်)**
တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး
ဓာတ်ပုံ–သိန်းဝင်းလေး
(မြန်မာ့အလင်း)

## သရုပ်ဆောင် မင်းမော်ကွန်း



**သရုပ်ဆောင်–မင်းမော်ကွန်း**
ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

"ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)ရဲ့ **အစဆွဲထုတ်သူများ** ပြဇာတ်မှာ မိန်းကလေးနေရာက ပါဝင်သရုပ်ဆောင်ရတာပါ။ အာဒမ်နဲ့ ဧဝ ဆိုရင် ဧဝနေရာကပေါ့၊ အမျိုးသား ကဇာတ်ရုံမှာ ပြဇာတ်ကို ပထမဆုံး အကြိမ် ကပြဖူးတာပါ။ အခုလိုပြဇာတ် ကရတော့ ပျော်လဲပျော်ပါတယ်။ သက်ကြီး အနုပညာရှင်တွေအတွက် အလှူဆိုတော့ ကုသိုလ်လဲရပါတယ်"ဟု သရုပ်ဆောင် မင်းမော်ကွန်းက ပြဇာတ်တိုက်နေသည့်ကြားမှ မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။



**"နတ်မင်းကြီးများ မနေနိုင်ပါ" ပြဇာတ် ဇာတ်ဝင်ခန်းတစ်ခန်း ဇာတ်တိုက်နေကြစဉ်။** ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

## ဒါရိုက်တာ ကိုအောင်မင်းသိမ်း

**"ပြဇာတ်နာမည်က နတ်မင်းကြီးများ မနေနိုင်ပါ"** တစ်ခန်းရပ်ပြဇာတ်ဖြစ်ပါတယ်။ ဇာတ်လမ်းက ကျွန်တော်ကိုယ်တိုင်ရေးပြီး ဇာတ်ညွှန်းက မောင်စိတ္တရေးတာပါ။ ရုပ်ရှင်လောက တိုးတက်ရေးအတွက် နတ်သဘင်အစည်းအဝေးလုပ်ပြီး အဖြေရှာတဲ့ ဇာတ်လမ်းပါ။ ကျွန်တော့်အတွက်တော့ ပထမဆုံးအကြိမ် ပြဇာတ်ကခြင်းပဲ ဖြစ်ပါတယ်။ ဒီပြဇာတ်မှာ ထူးခြားတာက အမျိုးသားသရုပ်ဆောင်တွေချည်း ၁၄ ယောက်သုံးထားခြင်းပဲဖြစ်ပါတယ်"ဟု ပြဇာတ်တိုက်နေမှုကို ခေတ္တရပ်ပြီး မြန်မာ့အလင်းသို့ ပြောကြားသွားသည်။



**ဒါရိုက်တာ ကိုအောင်မင်းသိမ်း**
ဓာတ်ပုံ–သိန်းဝင်းလေး
(မြန်မာ့အလင်း)

## သရုပ်ဆောင် မေသဉ္ဇာဦး

"ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)ရဲ့ **အစဆွဲထုတ်သူများ** ပြဇာတ်မှာ ကျောက်ခေတ်နဲ့ ရောမခေတ်တွေမှာပါရှိတဲ့ အမျိုးသမီးတစ်ဦး အနေနဲ့ သရုပ်ဆောင်ရတာပါ။ ပြဇာတ်ကို အရင်က လေးကြိမ်လောက် ကခဲ့ဖူးပါတယ်။ ကိုယ့်ရုပ်ရှင်လောကသားတွေအတွက် အကျိုးရှိတဲ့အလုပ်ကို လုပ်ရတော့ ကျေနပ်ပီတိဖြစ်ရပါတယ်" ဟု ပြဇာတ်တိုက်ရန် ပြင်ဆင်နေသော မေသဉ္ဇာဦးက ပြောကြားသွားသည်။

**သရုပ်ဆောင်–မေသဉ္ဇာဦး**
ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)



## ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)



**ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)**
ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

"ဒီပြဇာတ်ကို ကိုယ်တိုင်ရေးထားတာပါ။ လူ့စရိုက်၊ လူ့သဘာဝကို ဟာသနဲ့ သရော်မှုတွေပေါင်းစပ်ပြီး တင်ပြထားပါတယ်။ တစိမ့်စိမ့်စဉ်းစားပြီး ရယ်ရမယ့်ပြဇာတ်ပါ။ ပြဇာတ်နာမည်က **အစဆွဲထုတ်သူများ** လို့ အမည်ပေးထားပါတယ်။ အချိန်က တစ်နာရီလောက်ကြာမှာဖြစ်ပြီး ကြည့်သူတွေ ပေါ့ပေါ့ပါးပါးရယ်မောရအောင် ကြိုး စားထားပါတယ်"ဟု ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)က သရုပ်ဆောင်များကို ညွှန်ကြား ပြသရင်း မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

စိတ်ပါလက်ပါနှင့် ပြဇာတ်တိုက် လေ့ကျင့်နေကြသော ဒါရိုက်တာ မောင်မျိုးမင်း (ရင်းတွင်းဖြစ်) နှင့် ရုပ်ရှင် သရုပ်ဆောင်များ၏ အားကြိုးမာန်တက် လေ့ကျင့်နေကြမှုမှာ တကယ့်ပျော်စရာပင်ဖြစ်သည်။

ထို့နောက် မြန်မာ့ရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမအတွင်း ပြဇာတ်တိုက်နေသောအဖွဲ့သို့ ရောက်ရှိခဲ့သည်။ ဒါရိုက်တာ ကိုအောင်မင်းသိမ်း၏ **"နတ်မင်းကြီးများမနေနိုင်ပါ"** ပြဇာတ်တိုက်နေကြသည်ကို တွေ့ရသည်။ ပြဇာတ်တိုက်နေမှုကို ခေတ္တရပ်ကြည့်ပြီး ဒါရိုက်တာကိုအောင်မင်းသိမ်းနှင့် မေးမြန်းဖြစ်သည်။

**"လူ့စရိုက်၊ လူ့သဘာဝကို ဟာသနဲ့ သရော်မှုတွေ ပေါင်းစပ်ပြီး တင်ပြထားပါတယ်။ တစိမ့်စိမ့် စဉ်းစားပြီး ရယ်ရမယ့် ပြဇာတ်ပါ။ ပြဇာတ်နာမည်က အစဆွဲထုတ်သူများလို့ အမည် ပေးထားပါတယ်။ အချိန်က တစ်နာရီလောက်ကြာမှာ ဖြစ်ပြီး ကြည့်သူတွေ ပေါ့ပေါ့ပါးပါး ရယ်မောရအောင် ကြိုးစား ထားပါတယ်"**

## သရုပ်ဆောင် ကျော်ရဲအောင်



**သရုပ်ဆောင်–ကျော်ရဲအောင်**
ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

"ကျွန်တော်က ဒါရိုက်တာ ကိုအောင်မင်းသိမ်းရဲ့ **နတ်မင်းကြီးများ မနေနိုင်ပါ** ပြဇာတ်မှာ ရုပ်ရှင်ရုံစောင့်နတ်အဖြစ် သရုပ်ဆောင်ထားပါတယ်။ အခုလို အသက်ကြီးတဲ့ ရုပ်ရှင်အနုပညာသည်တွေအတွက် လှူဒါန်းတဲ့ပွဲမှာ ပါဝင်ခွင့်ရတာ ကုသိုလ်လဲရတယ်။ ပျော်လဲ ပျော်ပါတယ်"ဟု တက်တက်ကြွကြွ သရုပ်ဆောင် ပြဇာတ်တိုက်နေရင်း ကျော်ရဲအောင်က ပြောကြားသွားသည်။

## သရုပ်ဆောင် စိုးမြတ်သူဇာ

"ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)ရဲ့ **အစဆွဲထုတ်သူများ** ပြဇာတ်မှာ ကျောက်ခေတ်ကာလက အမျိုးသမီးတစ်ဦးအဖြစ် သရုပ်ဆောင်ထားတာပါ။ ဒီကို အောက်တိုဘာလက ခေတ္တပြန်ရောက်လာတော့ အခုပွဲနဲ့ကြုံပြီး သရုပ်ဆောင်ဖြစ်သွားပါတယ်။ ကိုယ်ရှိတဲ့အချိန်မှာ တတ်နိုင်တဲ့ဘက်က ကူညီခွင့်ရလို့ ဝမ်းသာမဆုံးဖြစ်ရပါတယ်။ အရင်တုန်းကလဲ ပြဇာတ်တွေ ကခဲ့ဖူးတော့ အခက်အခဲမရှိပါဘူး"ဟု သရုပ်ဆောင်ရမည့် အခန်းနှင့် ပြောစကားများကို မှတ်သားလေ့ကျင့်နေသော စိုးမြတ်သူဇာက ပြောကြားသွားသည်။



**သရုပ်ဆောင်–စိုးမြတ်သူဇာ**
ဓာတ်ပုံ–သိန်းဝင်းလေး
(မြန်မာ့အလင်း)

## သရုပ်ဆောင် မိုးဒီ

**"နတ်မင်းကြီးများ မနေနိုင်ပါ** ပြဇာတ်မှာ ကျွန်တော်က ရုပ်ရှင်နတ်မင်းကြီးအဖြစ် သရုပ်ဆောင်ထားပါတယ်။ ပြဇာတ်တွေတော့ အများကြီး ကခဲ့ဖူးပါတယ်။ အခုလို သက်ကြီး ရုပ်ရှင်ပညာရှင်တွေအတွက် ပြုလုပ်တဲ့ပွဲမှာ ပါဝင်ခွင့်ရတဲ့အတွက် ကျေနပ်ဝမ်းသာရပါတယ်"ဟု ဦးမိုးဒီက ရွှင်ပြုံးစွာဖြင့် မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။



**သရုပ်ဆောင်–မိုးဒီ**
ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ထို့ကြောင့် ရယ်မောစရာ ဟာသပြဇာတ်များကို ပြည်သူတို့ စိတ်နှလုံးရွှင်ပြုံးချမ်းမြေ့စွာကြည့်ရှုနိုင်ရေး ပြင်ဆင်ကြရန်သာ လိုအပ်နေပြီဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။ ။

**(မြန်မာ့အလင်း)**

# မြန်မာ–ထိုင်းနှစ်နိုင်ငံ ညှိနှိုင်းပြီး ယာယီနိုင်ငံကူးလက်မှတ်များ နေ့ချင်းထုတ်ပေးမှုကြောင့် မြန်မာအလုပ်သမားများ ပြည်ပမီဒီယာအချို့၏ ကောလာဟလထုတ်လွှင့်မှု အယုံအကြည်ကင်းမဲ့လာ

## နိုင်ငံတော်၏ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုအပေါ် အားထားကျေနပ်

### ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း တာချီလိတ်မြို့နယ် ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် ကြည့်ရှုစစ်ဆေးစဉ်။

(မြန်မာနိုင်ငံရဲတပ်ဖွဲ့)



**နေပြည်တော် နိုဝင်ဘာ ၂၂**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

#### ရှင်းလင်းတင်ပြ

အဆိုပါရုံးတွင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းအား တာချီလိတ်မြို့နယ် ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံးတာဝန်ခံ ရဲမှူးဝင်းကြည်က မြန်မာ အလုပ်သမားများအား နေ့ချင်းပြီး ယာယီမြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးမည့်လုပ်ငန်းစဉ်ကို ရှင်းလင်းတင်ပြသည်။

ထိုင်းနိုင်ငံတွင် လက်ရှိအလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမားများနှင့် ထိုင်းနိုင်ငံသို့သွားရောက် အလုပ်လုပ်ကိုင်ကြမည့် မြန်မာအလုပ်သမား ပေးရေး ရုံးများကို ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနက သံတမန်လမ်းကြောင်းဖြင့် ပေးပို့လာသော ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမား ၁၀၀၀၀ စာရင်းအနက် ဦးမြင့်သိန်းအောင် အပါအဝင် မိသားစုဝင် သုံးဦးသည် ယနေ့တွင် ထိုင်းနိုင်ငံ ရနောင်းမြို့မှ ကော့သောင်းမြို့နယ် ယာယီ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံး၌ ယာယီမြန်မာနိုင်ငံကူးလက်မှတ်များ လာရောက်ထုတ်ယူခဲ့ရာ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

#### စီစဉ်ဆောင်ရွက်ပေး

နိုင်ငံအကြီးအကဲများ၏ လမ်းညွှန်ချက်များနှင့်အညီ မြန်မာနိုင်ငံအလုပ်သမားများအနေဖြင့် ထိုင်းနိုင်ငံအတွင်း တရားဝင်အလုပ်သမားအဖြစ် နေထိုင်သွားလာနိုင်ပြီး အလုပ်သမား အခွင့်အရေးနှင့် လုပ်အားခများကို အပြည့်အဝခံစားနိုင်ရန်အတွက် မြန်မာ–ထိုင်း နှစ်နိုင်ငံ ညှိနှိုင်း၍ ယာယီ မြန်မာနိုင်ငံကူး လက်မှတ်ကိုင်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

ယင်းကဲ့သို့ ယာယီ မြန်မာနိုင်ငံကူး လက်မှတ်များကို နေ့ချင်းပြီး ထုတ်ပေးနေမှုကြောင့် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ အနေဖြင့် ပြည်ပ မီဒီယာအချို့၏ ကောလာဟလ သတင်းထုတ်လွှင့်မှုများကို အယုံအကြည် ကင်းမဲ့လာပြီး နိုင်ငံတော်၏ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုအပေါ် အားထား ကျေနပ်မှုများ ဖြစ်ပေါ်၍ ယာယီ မြန်မာနိုင်ငံကူးလက်မှတ်များ ထုတ်ယူရန် စိတ်အားထက်သန်လျက်ရှိကြောင်း၊ မကြာမီကာလအတွင်း မြန်မာအလုပ်သမား ၅၀၀ ကျော် ဆက်လက် လာရောက် ထုတ်ယူမည်ဖြစ်ကြောင်းနှင့် တာချီလိတ်မြို့နယ်၊ မြဝတီမြို့နယ်နှင့် ကော့သောင်းမြို့နယ်များရှိ ယာယီ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံး သုံးနေရာမှ နေ့စဉ် မြန်မာအလုပ်သမား ၂၀၀ စီအတွက် နေ့ချင်းပြီးစီးအောင် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



အသစ်များအား ယာယီမြန်မာ နိုင်ငံကူး လက်မှတ်များထုတ်ပေးနိုင်ရန် နိုဝင်ဘာ ၆ရက်မှစ၍မြဝတီမြို့နယ်၊ ကော့သောင်း မြို့နယ်နှင့် တာချီလိတ်မြို့နယ်များ၌ ယာယီမြန်မာနိုင်ငံကူး လက်မှတ်ထုတ်

**နေ့ချင်းပြီး ဆောင်ရွက်**

**ကော့သောင်းမြို့နယ် ယာယီမြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေးရုံးတွင် ယာယီမြန်မာနိုင်ငံကူး လက်မှတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေးစဉ်။**

(မြန်မာနိုင်ငံရဲတပ်ဖွဲ့)

# တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်ယှဉ်ပြိုင်

**ရန်ကုန် နိုဝင်ဘာ ၂၂**

၂၀၀၆ခုနှစ် (၄၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့်အားကစားကွင်းများ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(က)အုပ်စု ရတခဇုန်(မော်လမြိုင်)၌ တပ်မတော်(ရေ)အသင်းက အမှတ်(၉၉)ခြေမြန်တပ်မဌာနချုပ်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်အသင်းက အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်အသင်းကို ရှစ်ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ)အုပ်စု တပခဇုန်(တောင်ငူ)၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်အသင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်းကို လေးဂိုး–နှစ်ဂိုးဖြင့်လည်းကောင်း၊ (ဃ)အုပ်စု လပခ ဇုန်(မန္တလေး)၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ (င) အုပ်စု ရကတဇုန်(ရန်ကုန်)၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး အသင်းက အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်အသင်းကို ရှစ်ဂိုး–တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ခရီးသည်များ သက်သောင့်သက်သာစီးနင်းလိုက်ပါရေး တီထွင် ရထားများ အချိန်မှန်မှန်ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂၂**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါလျက် နိုဝင်ဘာ၂၀ရက်နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ရတနာပုံရထားလမ်း ခုံးကျော်သို့ ရောက်ရှိစစ်ဆေးပြီး ခုံးတံတား အတွင်း မော်တော်ယာဉ်ကြီးငယ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး အစီ အမံများ ဆောင်ရွက်ရန် မှာကြားသည်။

#### ကြပ်မတ်စစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲပြင်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံခန်းမ၌ မြန်မာ့မီးရထားအရာထမ်းများအား တွေ့ဆုံ၍ နယ်မြေအလိုက် တာဝန်ရှိသူများက ရထားလမ်းနှင့် တံတားများကြံ့ခိုင်ရေး ပိုမို တိုးတက် ကောင်းမွန်လာအောင် စစ်ဆေး ကြပ်မတ် ဆောင်ရွက်ရေး၊ စက်ခေါင်းများကြံ့ခိုင်ရေးနှင့် လူစီးတွဲများကို ကြံ့ခိုင်သပ်ရပ်ပြီး ခရီးသည်များ သက်သောင့်သက်သာ စီးနင်းနိုင်အောင် တီထွင်ဆောင်ရွက်ရေး၊ရထားများအချိန်မှန်ပြေးဆွဲနိုင်ရေးနှင့် ရထားလက်မှတ်မှောင်ခိုရောင်းချမှု မဖြစ်ပေါ်အောင် ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားရေး တို့ကို မှာကြားသည်။

#### လဲလှယ်အစားထိုး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကွန်ကရစ်ဇလီဖားစက်ရုံသို့ရောက်ရှိပြီး သံလမ်းထိန်းကလစ်ထုတ်လုပ်မှု၊ ဇလီဖားထုတ်လုပ်မှု လုပ်ငန်းများကိုလည်းကောင်း၊ ထုတ်လုပ်ပြီး ကွန်ကရစ်ဇလီဖားများကို လမ်းပိုင်းအသီးသီးသို့ တင်ပို့ရန်စုပုံထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လမ်းပိုင်းများသို့ အမြန်ရောက်ရှိအောင် ပို့ဆောင်ပြီး သစ်သားဇလီဖားများနှင့် လဲလှယ်အစားထိုးသွားနိုင်ရေး မှာကြားသည်။

#### တည်ဆောက်မှု

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မြစ်ငယ်ဘူတာမှ RBE အထူးရထားဖြင့် ထွက်ခွာ၍ ပျဉ်းမနား–မြို့ဟောင်း–ဒွေးလမ်း ရထားလမ်းဖောက်လုပ်ခြင်း စစ်ဆေးရာ မိုင်တိုင် ၃၄၈/၁၇ နှင့် ၃၄၈/၁၉ အကြား ပေ ၃၀အရှည်နှင့် ပေ၄၀အရှည်တံတားများတည်ဆောက်နေမှုကို စစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင် ၃၄၆/၁၉ နှင့် ၃၄၆/၂၂ အကြား၌ တည်ဆောက်လျက်ရှိသော အရှည် ၃၁၂ပေရှိ ပန်းလောင်တံတား တည်ဆောက်ရေး လုပ်ငန်းခွင်နှင့် မိုင်တိုင် ၃၂၉/၂၀ နှင့်၃၂၉/၂၂ အကြား တည်ဆောက်လျက်ရှိသော အရှည်ပေ ၁၆၀ရှိ စမုံတံတားသို့ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မူလ အလက(၂) ယခုအထက(၅) မြောက်ဥက္ကလာပ အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၂**

မူလအလက(၂) ယခုအထက(၅)မြောက်ဥက္ကလာပမှ အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ရန် တပည့်ကျောင်းသား ကျောင်းသူဟောင်းများက (၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အထက(၅) သန္တာလမ်း မြောက်ဥက္ကလာပကျောင်းခန်းမ၌ ဒီဇင်ဘာ ၁၇ ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် ကျင်းပရန်စီစဉ်ထားသည်။

#### လှူဒါန်းနိုင်

ကျောင်းသားကျောင်းသူများအနေဖြင့် ဒေါ်သန်းသန်းဌေး၊ ဆရာမဒေါ်ကြူကြူဌေး ဖုန်း–၆၉၀၂၁၉ သို့ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ပြီး ပူဇော်ပွဲသို့ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

**(က–ပ)**



**မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၁၃၆၈ ခုနှစ် သက်ကြီးစာပေပညာရှင် ပူဇော်ကန်တော့ပွဲသို့ တက်ရောက် နိုင် ခြင်း မရှိသော သက်ကြီးစာပေပညာရှင်ကြီးများအား အိမ်တိုင် ရာရောက် လိုက်လံကန် တော့ ရာတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်)ခေါင်းဆောင်သောအဖွဲ့က ဆရာကြီး ဦးတင့်အောင်(ဗိုလ်ကလေးတင့်အောင်)အား သွားရောက်ကန်တော့ကြစဉ်။**

(က–ပ)

# သီတဂူအရှင်ဒေဝိန္ဒာဘိဝံသ အထူးတရားပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၂**

စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ သကျသီဟ သာမဏေကျော် သာသနာ့ဇောတိကဓမ္မာစရိယ သကျသီဟ ဓမ္မာစရိယ သီတဂူ အရှင်ဒေဝိန္ဒာဘိဝံသ အရှင်မြတ်သည် နိုဝင်ဘာ၂၄ရက်တွင် လှိုင်မြို့နယ် ဇေယျဝတီကျောင်း အထူးပွဲ၊ ၂၅ ရက်တွင် မြစ်သားမြို့ ဆွမ်းတော်ဝတ်အသင်း ရာပြည့်ပွဲ၊ ၂၆ ရက်တွင် မုံရွာမြို့ အောင်မဟာဘုံ ဆွမ်းလောင်းအသင်း ဓမ္မသဘင်၊ ၂၇ရက်တွင် ဘုတလင်မြို့နယ်အလှူတရားပွဲ၊ ၂၈ရက်တွင် မန္တလေးမြို့ ရှမ်းကလေးကျွန်းတရားပွဲ၊ ၂၉ ရက်တွင် ငါးသယောက်မြို့ အလှူပွဲ၊ ဒီဇင်ဘာ ၁ ရက်တွင် ပြည်မြို့ ဗာရာဏသီကျောင်း ဝိနည်းစာပြန်ပွဲ၊ ၂/၃ရက်တွင် ကွမ်းခြံကုန်းမြို့ မလွန်ဆန်လှူပွဲ၊ ၄ ရက်တွင် စစ်ကိုင်းမြို့ တောင်ရင်းရွာ ဘုရားထီးတင်ပွဲ၊ ၆ ရက်တွင် ဝက်လက်မြို့ အလှူပွဲ၊ ၉ ရက်တွင် ရန်ကုန်မြို့ ဘုရားဖြူ စာတော်ပြန်ပွဲ ဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး ဆရာတော်နှင့် ဆက်သွယ်လိုပါက သီတဂူ ကမ္ဘာ့ဗုဒ္ဓသာသနာပြုတက္ကသိုလ် ၀၇၂–၂၂၂၆၀သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(က–ပ)**

# ကိုယ်ကျိုးအတွက် မလိမ့်တပတ် အမြတ်ထုတ်တဲ့ အချောင်သမားလုပ်ရပ်

အောင်ဇေမင်း

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ပိန္နဲကုန်းရွာက အဘတင်နှင့် အဘမောင်တို့ စာရေးသူအိမ်သို့ နံနက်ခပ်စောစော ရောက်လာပါတယ်။ ညနေပိုင်း သူတို့ရွာမှာဘုရားမီးပူဇော်ပွဲရှိနေတဲ့အတွက် နေ့လယ် ၂နာရီတွင် ရွာပြန်နိုင်အောင် အခုလို စောစောလာခဲ့ပါတယ်လို့ ပြောပါတယ်။

သူတို့နှစ်ယောက်ဟာ တိုင်းရေးပြည်ရေး စိတ်ဝင်စားသူတွေဖြစ်ပြီး တစ်စုံတစ်ခုကို ရင်ဖွင့်လိုတဲ့ ရည်ရွယ်ချက်နဲ့လာတယ်ဆိုတာကို ကြိုတင် အကဲခတ်မိပါတယ်။ စာရေးသူတို့ မိသားစုက နံနက်စာကို လက်ဖက်ရည်၊ မုန့်နဲ့ ဧည့်ဝတ်ပြုပါတယ်။ သောက်လက်စ လက်ဖက်ရည်ခွက်ကို အသာချပြီး အဘတင်က အခုလိုစတင် ပြောပါတယ်။

"အဘတို့ ရင်ဖွင့်စရာခံစားချက်တွေကို မောင်ရင်တို့လို စာရေးဆရာတွေဆီမှာ ရင်ဖွင့်မှ တိုင်းသိပြည်သိ ကမ္ဘာသိဖြစ်မယ်။ အဘတို့ ပြောတဲ့ အမှန်တရားတွေကို အများသိစေချင်လို့ပါ။ ကုန်ခဲ့တဲ့ရက်ပတ်က သက်ဝင်းအောင်ဆိုတဲ့လူငယ်တစ်ဦး ထောင်ထဲမှာ သေဆုံးသွားတဲ့ကိစ္စကို အမျိုးသား ခေါင်းဆောင်ကြီးတစ်ဦး ကွယ်လွန်သွားသလိုပဲ အနောက် ဩဇာခံသတင်းဌာနတွေက ဝမ်းနည်းကြောင်းတစ်နည်း၊ ဂုဏ်ပြုကြောင်း တစ်ဖုံ၊နားငြီးအောင် ထုတ်လွှင့်ခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အမျိုးသား ခေါင်းဆောင်ကြီးတွေနဲ့ တစ်တန်းတစ်စားတည်းလိုလို အမွှမ်းတင်ပြောဆို သွားခဲ့တယ်။ အဘတို့ လုံးဝလက်မခံနိုင်ဘူး။ အဘတို့လဲ လူတစ်ယောက် သေဆုံးသွားတယ်ဆိုတာကို ဘယ်သူသေသေ ဘယ်စိတ်ကောင်းပါ့မလဲ။ ဒါပေမယ့် အခုလို သာမန်လူငယ်တစ်ယောက် သေဆုံးတဲ့ကိစ္စကို ဘယ်လိုမှ အမျိုးသားခေါင်းဆောင်ကြီးတွေနဲ့ တစ်တန်းတစ်စားတည်း မနှိုင်းသင့်ဘူးလို့ အဘတို့ရွာက NLD တစ်ယောက်ကို ပြောလိုက် ပါတယ်။ သူက "ဒါကတော့အဘရယ် သေသူဟာ ဘယ်လို အဆင့်အတန်း မျိုးဖြစ်ဖြစ် ဒီလိုပဲ ပုံကြီးချဲ့ပြီး ကမ္ဘာကသိအောင် နိုင်ငံရေးတိုက်ကွက် ဖော်ရတယ်။ အစိုးရကို ပြည်သူတွေ ဆန့်ကျင်လာအောင် ဖန်တီးရတယ်။ သက်ဝင်းအောင် အလောင်းကိုသာ ရန်ကုန်အထိ သယ်ခွင့်ရရင် ကျွန်တော် တို့ လူတွေ အလောင်းထမ်းပြီး လူထုအုံကြွမှု ဖြစ်အောင် ကြိုးစားကြရ မယ်လို့" ပြန်ပြောတယ်။

ဒီလိုသာ လိမ်ညာအကွက်ဆင်ပြီး နိုင်ငံရေးတိုက်ကွက်ဖော်နေမယ် ဆိုရင် သူတို့တွေမှာ အမှန်တရားဆိုတာ ဘာတစ်ခုမှရှိမယ် မဟုတ်ဘူး။ နောင်ကိုလဲ ဒီလိုပဲ ကြမ်းပိုးကိုလိပ်ဖြစ်အောင် လိမ်ညာပြောပြီး အမြတ်ထုတ် ကိုယ်ကျိုးရှာနေကြမှာပဲ။ ကိုသက်ဝင်းအောင် သေဆုံးတဲ့ကိစ္စကို သူ့အဖေ ဦးဝင်းမောင်ကိုယ်တိုင် BBCနဲ့ တွေ့ဆုံ မေးမြန်းခန်းတစ်ခုမှာ ဆေးစာ အရ နှလုံးရောင်ရောဂါနဲ့ သေဆုံးတာဖြစ်နိုင်ပါတယ်လို့ အတည်ပြု ပြောကြားသွားခဲ့သေးတယ်။ ပြီးတော့ ကိုသက်ဝင်းအောင်ကို ထောင်ဆေးရုံ မှာပဲ ရေရှည်နေထိုင်ခွင့်ပြုပြီး ကုသပေးခဲ့တယ်လို့လဲ ကြားလိုက်ရပါတယ်။ အဲဒီအပေါ် အနောက်ဩဇာခံ BBC,VOA,RFA စတဲ့ သတင်းဌာန တွေက အစိုးရကြောင့် သေသလို အမျိုးမျိုးလုပ်ကြံသတင်းတွေ ထုတ်လွှင့် ခဲ့ကြတယ်။ အရင်လမ်းစဉ်ပါတီ အစိုးရခေတ်ကလဲ နိုင်ငံရေးသမားတွေ ထောင်တွင်းမှာ ဆေးကုသရင်း သေဆုံးခဲ့ဖူးတယ်။ အနောက်နိုင်ငံတွေမှာလဲ ထောင်တွင်းမှာ အကျဉ်းသား သေတာတွေ ဘယ်လိုမှ မကင်းကြပါဘူး။ ဒါပေမယ့် အခုလို ကိုသက်ဝင်းအောင်သေတာကို ပုံကြီးချဲ့ပြီး ဖော်ပြနေ တာဟာ ကိုသက်ဝင်းအောင်အပေါ် စေတနာထောက်ထားလို့ မဟုတ်ဘဲ နိုင်ငံရေးတိုက်ကွက်အတွက် အသုံးချမှုတစ်ခုသာ ဖြစ်တယ်ဆိုတာကို သိသာထင်ရှားနေတယ်။ ဒါဟာ ဘယ်လိုမှ မလုပ်ကောင်းတဲ့ကိစ္စပဲ။

**အဘမောင်။** ပြောစရာတစ်ခုရှိသေးတယ်။ အဘတို့ ကော့မှူးမြို့နယ်၊ ထန်းမနိုင်ရွာက ကလေးမလေးတစ်ယောက်ကို ရယကအဖွဲ့ ဝင်တွေ ထောင်ကျသွားအောင် တိုင်ကြားတရားစွဲဆိုခဲ့တဲ့အတွက်ဆိုပြီး အနောက်အုပ်စုက ပြည်သူ့သူရဲကောင်း ဆုပေးတယ်ဆိုလား ဘာလား အနောက် သတင်းဌာနတွေက ပြောသွားတယ်။ ဒီကလေးမလေးဟာ သာမန် တောသူမလေး တစ်ယောက်ပါ။ ပညာတတ်လဲ မဟုတ်ပါဘူး။ ဗဟုသုတလဲ သိပ်ရှိရှာတာ မဟုတ်ပါဘူး။ ဒါပေမယ့် အဲဒီလို အနောက်အုပ်စုဘက်က သူရဲကောင်း ဆုပေးထားတဲ့အတွက် အခု ဒီကလေးမလေးဟာ ထရခက် ထိုင်ရခက် ဖြစ်နေတယ်။ တစ်နယ်တည်း သားတွေဆိုတော့ မျိုးရိုးကအစ ဒီကလေးမလေးကို အဘတို့ သိပါတယ်။ ဒီကနေ့ တပ်မတော်အစိုးရခေတ်မှာ ရပ်ရွာ အေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဦးစားပေး ဆောင်ရွက်နေချိန်ဖြစ်တယ်။ အပြစ်ရှိတဲ့သူကို အပြစ်နဲ့တန်အောင် ဥပဒေအရ အရေးယူနေတာပဲ မဟုတ်လား။ ဒါကြောင့်လဲ နိုင်ငံတော် တည်ငြိမ်အေးချမ်းနေတာပဲ။ အခုလိုသာ ရယကတွေကိုထောင်ကျအောင် အပြစ်မရှိအပြစ်ရှာပြီးတိုင်တန်း တရားစွဲတဲ့ လူတိုင်းကို ဆုပေးမယ်ဆိုရင် အဲဒီလိုလူတွေ အဘတို့ဆီမှာလဲ ရှိကြပါတယ်။ ရယကအဆင့်တောင် မဟုတ်ဘူး။ အချို့ မြို့နယ်တွေမှာ မယကဥက္ကဋ္ဌကိုတောင် တိုင်ကြားတရားစွဲပြီး ထောင်ကျသွားတာတွေ ရှိပါတယ်။ နိုင်ငံတော်အစိုးရဟာ ဥပဒေနဲ့အညီ ပြည်သူ့အကျိုးကို ဆောင်ရွက်နေတယ်ဆိုတာ တိုင်းသိပြည်သိ ကမ္ဘာသိပါပဲ။ အဘတို့နိုင်ငံမှာ အပြစ်ကျူးလွန်တဲ့ လူကို ဘယ်သူ့ကိုမဆို တရားစွဲခွင့် ရှိပါတယ်။ အမှန်တရားကို ဘယ်သူမဆို ဖော်ထုတ်ခွင့်လဲရှိပါတယ်။ အခုလို အဘတို့တိုင်းပြည်က လူအချို့ကို အနောက်အုပ်စုက ဆုတွေပေးနေတယ် ဆိုတာဟာ အိမ်ကြက်ချင်း အိုးမဲသုတ်ပြီး တိုက်ပေးတာပဲ။ ဆုပေးခံရသူတွေ ကလဲ ဒါတွေကို သိကောင်း သိပေမယ့် ဆုကို ပြန်မလှန်နိုင်တဲ့အတွက် အုတ်တံတိုင်းကို ခေါင်းနဲ့ဆောင့်သလို အနောက်ဆရာကြီးများ ကျေနပ် အောင် လုပ်ပြနေရတယ်။ တကယ်တော့ သူတို့တွေဟာ သနားစရာတွေပါ။ အခုလို အနောက်ဆရာကြီးတွေက မြန်မာ့ ပြည်တွင်းရေးမှာ ဘာကြောင့် သွေးခွဲတိုက်ခိုက် နေရသလဲဆိုရင် သူတို့ ဩဇာခံတွေ အာဏာရရေး အတွက်ပဲ။ မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့အရေးယူတာတွေ၊ မြန်မာ့ အရေးကို အမျိုးမျိုးလုပ်ကြံပုံကြီးချဲ့ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ အာဂျင်ဒါ အတွင်းသို့ ဆွဲသွင်းခဲ့တာတွေဟာလဲ ဒီရည်ရွယ်ချက်အတွက်ပဲ။ ဒီအပေါ်မှာ အဘတို့လုံးဝ မခံမရပ်နိုင်အောင် ဖြစ်တယ်။ ဒါကြောင့် တိုင်းပြည်ကိုချစ်ရင် ပြည်ပအားကိုး အဆိုးမြင်ဝါဒကို စွန့်လွှတ်ကြပါ။ မိမိတို့နိုင်ငံနဲ့ လူမျိုးရဲ့ ပကတိဘဝကို ကျောခိုင်းဆန့်ကျင်ပြီး အနောက် ဒီမိုကရေစီကို ပုံတူကူးဖို့ မကြိုးစားပါနဲ့။ ပြည်ပဩဇာခံပြီး တိုင်းပြည် အကျိုးပျက်အောင် မလုပ်ပါနဲ့လို့ ပြောချင်တယ်။

**အဘတင်။** NLDပါတီဝင်တွေ နုတ်ထွက်တဲ့သတင်းကို သတင်းစာမှာ မကြာခဏတွေ့နေရတယ်။ ဒီသတင်းကို အဘတို့ ဝမ်းသာ တယ်။ ကြိုဆိုတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်ပအားကိုး အဆိုးမြင်ဝါဒနဲ့ မစေ့စပ်ရေး၊ ထိပ်တိုက် ရင်ဆိုင်ဆန့်ကျင်ရေး၊ အယူတိမ်းမှောက်မှားမှု အောက်က ရုန်းထွက်လာနိုင်လို့ပါပဲ။ ကိုယ့်တိုင်းရင်းသားအချင်းချင်း ဘာကြောင့် ပြည်ပက သွေးခွဲ တိုင်းကွဲရမလဲ။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့တွေတောင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲ ဆောင်ရွက် နေပြီလေ။ အမျိုးသား ညီလာခံကြီးမှာ တိုင်းရင်းသား ကိုယ်စားလှယ် ပေါင်းစုံ၊ လူထုလူတန်းစား ကိုယ်စားလှယ်ပေါင်းစုံ အနာဂတ် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ပုံဖော်နေကြပြီလေ။ ဒီကနေ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို မူဝါဒ လမ်းစဉ်(၇)ရပ်နဲ့ ချမှတ် အကောင် အထည်ဖော်နေပြီ။ အဲဒီလို NLD က နုတ်ထွက်တဲ့အဖွဲ့ဝင်တွေကို သတင်းစာမှာ ဖော်ပြတဲ့အတွက် အစစအရာရာမှာ ပြည်သူတွေ အမြင်ရှင်း လာမယ်။ နိုင်ငံထူထောင်ရာမှာလဲ ပါဝင်ဆောင်ရွက်လာနိုင်ပြီ။ "တိုင်းရင်း သားအချင်းချင်း ခင်ခင်မင်မင် လက်ရေတစ်ပြင်တည်း ဟိုရှေးက ထက် ပိုချစ်ကြတယ်"ဆိုတဲ့ သီချင်းလို ဖြစ်သွားကြတာပေါ့။ အချို့ ပြောတယ်။ ဘာဖြစ်လို့ NLD ပါတီဝင်တွေ နုတ်ထွက်တဲ့ သတင်းကို သတင်းစာမှာ ဖော်ပြရသလဲတဲ့။ ၁၆နှစ်ကျော် ပြည်ပအားကိုး အဆိုးမြင်ဝါဒအောက်ကို ကျရောက်နေခဲ့ရတဲ့ သူတွေ အခုလိုအမြင်မှန်ရပြီး ရုန်းထွက်လာတာကို သတင်းစာမှာဖော်ပြရုံမက ချီးကျူးမှုတောင်ပြုသင့်တယ်။ အခုလို NLD ပါတီဝင်တွေ နုတ်ထွက်လာမှုကိုလဲ အစိုးရက ဖိအားပေးလို့ နုတ်ထွက်နေရတယ်ဆိုပြီး အနောက်အုပ်စုသတင်းဌာနတွေက ထုတ်လွှင့် နေပြန်ပါတယ်။ NLD ပါတီရုံးချုပ်ကလဲ ပြောနေတယ်။ NLD ဟာ တရားဝင်ပါတီတစ်ခုပဲ။ နုတ်မထွက်ချင်လဲနေလို့ရပါတယ်။ အခုလဲ ဆက်ရှိနေတဲ့ အဖွဲ့ဝင်တွေ ရှိနေသားပဲ။ တကယ်တော့ ဘာတစ်ခုမှ အကျိုးမရှိမှန်း သိလာရင် ဘယ်လိုမှ စည်းရုံးထားလို့ရမှာ မဟုတ်ဘူး၊ နုတ်ထွက်ကြမှာပဲ။ တောတွင်းလက်နက်ကိုင်အဖွဲ့ဝင်တွေလဲ အဲဒီလိုပဲ။ လက်နက်ချအလင်းဝင်လာတာတွေရှိတယ်။ အစိုးရနဲ့ ငြိမ်းချမ်းရေးယူပြီး ပူးပေါင်း ဆောင်ရွက်လာ တာတွေ ရှိတယ်။ ကိုယ့်အမှားကိုယ် မြင်လဲမမြင်၊ ပြင်လဲ မပြင်နိုင်တဲ့ အင်အားစုအချို့နဲ့ အဖွဲ့အချို့ကသာ လမ်းမှားက ရုန်းမထွက်နိုင်ဘဲ ကျန်နေတော့တယ်။

**အဘမောင်။** ပြောစရာတစ်ခု ကျန်ပါသေးတယ်။ အခု အနားယူသွားတဲ့ မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသီယာမိုဟာမက်က ၁၇-၉-၉၄ရက်က ကျင်းပခဲ့တဲ့ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ လူ့အရင်း အမြစ်များဆိုင်ရာ နိုင်ငံတကာ ညီလာခံမှာ အနောက် ဒီမိုကရေစီအပေါ် သတိထားဖို့ ပြောကြားသွားတာကို အခုလို ဖတ်ခဲ့ရတယ်။

**"အရေးကြီးတာက အနောက်နိုင်ငံတွေရဲ့ ဒီမိုကရေစီ အပေါ် အနက် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို နားမထောင်မိကြဖို့ပဲ။ ဒီမိုကရေစီ ဆိုတာ လိုအပ်တာထက်ပိုရင် နိုင်ငံရေးမတည်ငြိမ်မှု၊ စီးပွားရေး ကျပ်တည်းမှု၊ ယဉ်ကျေးမှု ပျက်ယွင်းဆုတ်ယုတ်မှုနဲ့ ဆင်းရဲမွဲတေမှု တွေကို ပေါ်ပေါက်လာ စေနိုင်တယ်။ အဲဒီလို အခြေအနေမျိုးမှာ အနောက်အုပ်စုက ကျွန်တော်တို့ကို ခြိမ်းခြောက်မှုတွေနဲ့ အကျပ်ကိုင် ကြတဲ့အထိ ဖြစ်လာနိုင်တယ်။ ဒီမိုကရေစီဆိုတာ အကန့်အသတ်မရှိလွှတ်ပေးထားရင် လူ့အဖွဲ့ အစည်းဟာ လိင်တူချင်း ဆက်ဆံမှုတွေ၊ စာရိတ္တပျက်ယွင်းမှု တွေ၊ အဂတိလိုက်စားမှုတွေနဲ့ မိဘတစ်ဦးတည်းသာရှိတဲ့ မိသားစုများအထိ လျော့ကျပျက်စီးသွားနိုင်တယ်။**

**ဒီမိုကရေစီရဲ့ အနက်အဓိပ္ပာယ်အမှန်ကိုလဲ သိမယ်။ ဒီမိုကရေစီကို ဘယ်လို လက်တွေ့ကျင့်သုံးကြရမယ်ဆိုတာ ကိုလဲ သိမယ်ဆိုရင်တော့ ဒီမိုကရေစီဆိုတာ သိပ်ကောင်းတာ ပေါ့။ ဒီမိုကရေစီကို မှန်မှန်ကန်ကန် အသုံးမချတတ်ကြရင်တော့ ဒီမိုကရေစီဆိုတာ အင်မတန်ဆိုးရွားတဲ့ စနစ်တစ်ခု ဖြစ်သွားစရာ ရှိပါတယ်။ ဒီမိုကရေစီဆိုတာ တချို့ပြည်ပနိုင်ငံတွေမှာ ဖြစ်သလိုလမ်းမတွေပေါ် စည်းမရှိ ကမ်းမရှိထွက်ပြီး ဆန္ဒပြကြ၊ ကားတွေမီးရှို့ကြ၊ အိမ်တွေ ဖျက်ဆီးကြတာမျိုးကို ဆိုလိုတာ မဟုတ်ဘူးဗျ"**

ဒီကနေ့ ၈၈မျိုးဆက်ကျောင်းသား အုပ်စုဝင်တွေက လူထု ဆန္ဒပြလှုပ်ရှားဆိုပြီး လက်မှတ်ထိုးခဲ့မှုနဲ့ အဖြူရောင်ဖော်ပြချက်ဆိုပြီး လူထု လှုံ့ဆော်မှုတွေ လုပ်ခဲ့တယ်။ ဘာမှ အရာ မထင်တဲ့အတွက် အခုတစ်ခါ သူတို့တောင်းဆိုတဲ့ အချက် သုံးချက်ကိုထောက်ခံရင် ဆုတောင်းပွဲ လုပ်ကြပါဆိုပြီး လုပ်ခဲ့ပြန်တယ်။ အောက်တိုဘာ ၂၉ရက်က နိုဝင်ဘာ ၄ရက်နေ့အထိ လုပ်သွားမယ်လို့အနောက်ဩဇာခံ BBC, VOA, RFA, DVB တို့က လှုံ့ဆော်ထုတ်လွှင့်ခဲ့တယ်။ ဗုဒ္ဓဘာသာဝင်တွေက ဘုရားစေတီပုထိုးတွေမှာ ပူဇော်ဆုတောင်းပါတဲ့။ မူဆလင်ဘာသာဝင်တွေ ဗလီမှာ ဝတ်ပြုဆုတောင်းပါတဲ့။ ခရစ်ယာန်ဘာသာဝင်တွေက ဘုရား ကျောင်းမှာ ဆုတောင်းပါတဲ့။ တော်တော် ရွှေဉာဏ်တော်ကွန့်တဲ့ လူလည်တွေပါလား။ ဒီတန်ဆောင်မုန်းလဟာ ဗုဒ္ဓဘာသာမြန်မာ လူမျိုးတွေရဲ့ လထူးလမြတ်တစ်လပဲ။ ဒီလအတွင်း စေတီပုထိုးဘုရား ကျောင်းကန်တွေမှာ ကုသိုလ်ပြုကြတယ်။ ကထိန်သင်္ကန်းတွေ ကပ်လှူကြ တယ်။ တန်ဆောင်တိုင် မီးထွန်းပွဲတော် ကျင်းပကြတယ်။ ရွှေတိဂုံ စေတီတော်နဲ့ မြန်မာပြည်အရပ်ရပ်က ထင်ရှားတဲ့ စေတီပုထိုးတွေမှာ ဆီမီးပူဇော်ပွဲတွေ အလွန် စည်ကားကြတယ်။ တန်ဆောင်မုန်းလဆန်း ၁၄ရက် (အဖိတ်နေ့)၊၁၅ရက်(လပြည့်နေ့)၊ လဆုတ် ၁ရက်နေ့တွေ မှာ တန်ဆောင်တိုင်မီးထွန်းပွဲတော်များကျင်းပခဲ့တယ်။ အဲဒီမှာ လူတွေ ဆီမီးပူဇော်ဆုတောင်းကြတယ်။ မူဆလင်ဘာသာဝင်တွေဟာ သောကြာ နေ့မှာ ဝတ်ပြုတယ်။ တနင်္ဂနွေနေ့မှာ ခရစ်ယာန်ဘာသာဝင်တွေ ဘုရား ကျောင်းတက် ဆုတောင်း မေတ္တာပို့ကြတယ်။ အဲဒီလို ဘာသာရေးနေ့ထူး နေ့မြတ်တွေပါမကျန် မလိမ့်တပတ် အမြတ်ထုတ်ပြီး ဝါဒဖြန့်နေမှု တွေကို အစိုးရက တားသင့်တယ်။ ဒါတွေဟာ ပြည်ပနဲ့ ချိတ်ဆက် လုပ်တဲ့ လူထုလှုံ့ဆော်ရေး အဖျက်လုပ်ရပ်တွေပဲ။

ငါတို့တောင်းဆိုချက် သုံးရပ်ကိုထောက်ခံရင် အမျိုးသမီးတွေ ထဘီဝတ်ပြပါဆိုသလို အပေါစား ပျက်လုံးဖြစ်နေ ပေမယ့် အဲဒီရက် အတွင်းမှာ သူတို့အုပ်စုကိုမထောက်ခံလို သူတွေ ဘုရားမီးမပူဇော်ရဲအောင်၊ ဗလီမတက်ရဲအောင်၊ ဘုရားကျောင်း မတက်ရဲအောင် နှောင့်ယှက်နေသလို ဖြစ်နေတယ်။ အမျိုးသားသင့်မြတ်ရေးတွေ၊ မေတ္တာတရားတွေကို အသုံး ကောင်းဟစ်ပြီး ဘာသာတရား ကိုးကွယ်မှုပါမကျန်အောင် ခုတုံး လုပ်ခဲ့တယ်။

ဒီ၈၈မျိုးဆက်အုပ်စုဝင်တွေဟာ ဒေါ်စုကြည်နဲ့ ၈၈မျိုးဆက်တွေ၊ နိုင်ငံရေးသမားတွေ လွှတ်ပေးရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေး အတွက် ဆန္ဒပြလှုပ်ရှားကောက်ခံတယ်လို့ ဆိုတယ်။ နိုင်ငံတော်အစိုးရကတစ်စုံ တစ်ရာ ပိတ်ပင်ဟန့်တားမှုတွေ မလုပ်ခဲ့ဘူး။ သူတို့ကို ထောက်ခံတဲ့ လက်မှတ်ပေါင်း ငါးသိန်းကျော်ရတယ်လို့ BBC,VOA,RFA,DVB သတင်းဌာနတွေက ရေးကြီးခွင်ကျယ် ထုတ်လွှင့်ပေးတယ်။ မြန်မာ့လူဦးရေ ၅၅သန်းကျော်ရှိတဲ့အထဲမှာ သူတို့ကိုထောက်ခံသူ ငါးသိန်းကျော်ရှိတာ ဟုတ်ရဲ့လားလို့ အဘတို့ရွာက NLD အဖွဲ့ဝင်တစ်ယောက်ကို မေးကြည့် တယ်။ သူက အဘရယ် ဒီရတဲ့လက်မှတ်ဆိုတာ လူတစ်ယောက်တည်းက ရာနဲ့ချီပြီး အတုထိုးလိုက်တာရှိတယ်။အမည်မပါ၊ ဒေသမပါတဲ့ လက်မှတ် တွေလဲ အများကြီးပါတယ်။ လိမ်ညာ ထိုးခိုင်းတာလဲပါတယ်။ ဘယ်လို လက်မှတ်တွေရရ ဘယ်သူမှ လာမစစ်ပါဘူး။

အဓိကအချက်က ပြည်သူတွေစိတ်ဝင်စားလာပြီး နိုင်ငံတကာက အထင်ကြီးအောင်လုပ်ပြဖို့။ နောက်ဆုံး ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံအပေါ် အရေးယူနိုင်အောင် ပြည်တွင်းပြည်ပချိတ်ဆက်ဝါဒ ဖြန့်ဖို့ အရေးကြီးတယ်လို့ ပြောတယ်။ ဟုတ်တယ်။ လက်မှတ်တု လုပ်တာတွေ၊ လိမ်လည်မှုတွေ သတင်းစာတွေမှာ ပါလာနေတယ်။ သံဃာတော်အမည်တွေပါ လိမ်ညာဖော်ပြတယ်လို့ သတင်းစာမှာ ဖတ်လိုက် ရတယ်။

ဒီအတိုင်းဆိုရင် သူ့ရှုံးသူပြန်ပတ်သလို ဖြစ်မနေဘူးလား။ မြန်မာ လူဦးရေ ၅၅သန်းကျော်ရှိတယ်။ သူတို့ကိုထောက်ခံသူဟာ မပြောပလောက် ကလေးသာ ရှိတယ်ဆိုတာကို သူတို့ဟာ သူတို့ဖော်ပြသလို ဖြစ်မနေ ဘူးလား။ အမှန်က ဒီလုပ်ရပ်မျိုးဟာ ပြည်သူအပေါ် မလိမ့်တပတ် ကိုယ်ကျိုးအတွက် အမြတ်ထုတ်တဲ့ အချောင်သမား လုပ်ရပ်ဖြစ်နေတယ်။ အဲဒီလိုသာ အချောင်သမားအုပ်စုတွေက ပြည်သူအပေါ်သာမက ဘာသာ ကိုးကွယ်မှုပါ မကျန်အောင် မလိမ့်တပတ် ကိုယ်ကျိုးအတွက် အမြတ် ထုတ်လာကြရင် တည်ငြိမ်အေးချမ်းမှု ပျက်သွားနိုင်တယ်။ ဒါကြောင့် အစိုးရက အချိန်မီ တားသင့်တယ်လို့ မြင်တယ်။ အမှန်က အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ၈၈မျိုးဆက်အုပ်စုဝင်တွေဟာ မိမိတို့ပါတီနဲ့ အပေါင်းပါ တစ်ခုတည်း အတွက်ဆိုတဲ့ အတ္တသင်္ဂဟ အစုအပေါင်း နယ်ပယ်တွင် ကျုံ့လာတာနဲ့အမျှ လောကသင်္ဂဟတရားဖြစ်တဲ့ တစ်နိုင်ငံ လုံး၊ တစ်မျိုးသားလုံးဆိုင်ရာ အများရဲ့ အကျိုးစီးပွားကို လျစ်လျူရှုပစ်ပယ် လာတာဖြစ်တယ်လို့ ကောက်ချက်ဆွဲရင်း စကားဝိုင်းကို အဆုံးသတ်ပြီး အဘတင်၊ အဘမောင်တို့လဲ ရွာသို့ ပြန်သွားခဲ့ပါတယ်။ ။

# အိုးထရက်ဖို့ဒ်ညချမ်း၌ မန်ယူတို့ ပြုံးပန်းဆင်နိုင်ပါမည်လော ဘော်လ်တန်ကို ရှုံးကြွေးဆပ်မည့် အာဆင်နယ်တို့၏ ပရီမီယာလိဂ်ပွဲစဉ်(၁၄)

**သုံးသပ်တင်ပြသူ – မောင်ချစ်ကြည်**

တစ်ပွဲထက်တစ်ပွဲ ပြိုင်ဆိုင်မှုများ ပြင်းထန်လာသည့် ပရီမီယာလိဂ်ပွဲစဉ်များကြောင့် ရင်ခုန်လှိုက်မောဖွယ်ရာ အတိဖြစ်လျက်ရှိနေရာ အသင်းကြီးများ အမှားမခံနိုင်အောင် ကြိုးစားကစားနေရသလို တန်းဆင်းဇုန်အတွင်း ရောက်ရှိနေသော အသင်းများကလည်း တန်းမဆင်းရရေး အစွမ်းကုန်ကြိုးစားကစားနေရပြီဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ်(၁၄)ကို နိုဝင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်များတွင် ကစားမည်ဖြစ်ရာ မန်ယူနှင့် ချယ်လ်ဆီးတို့ပွဲမှာ ပရိသတ်အတွက် ရင်ခုန်သံမြန်စေမည့်ပွဲပင်ဖြစ်သည်။ ယခုနှစ် ပရီမီယာလိဂ် ဗိုလ်လုပွဲတစ်ပွဲအလား ပရိသတ်များ မျှော်လင့်စောင့်စားနေသော ပွဲစဉ်ဖြစ်သဖြင့် အိုးထရက်ဖို့ဒ်၌ သုံးမှတ်အပြည့် မည်သူယူသွားမည်ဆိုသည်ကို ရင်မောစွာ ခံစားတွေ့မြင်ရတော့မည်ဖြစ်သည်။



**ပေါလ်စခိုး**

ကွင်းလယ်ကစားသမား ပေါလ်စခိုးသည် မန်ယူတွင် ခြေစွမ်းပြနေဆဲဖြစ်သည်။

### မန်ယူနှင့်ချယ်လ်ဆီး

ယခုပွဲအနိုင်ရလျှင် ပရီမီယာလိဂ်သရဖူကိုရယူနိုင်ရန်အခွင့်အရေးကောင်းသွားမည်ဖြစ်ရာ မန်ယူက ချယ်လ်ဆီးကို အမှတ်ဖြတ်နိုင်ရန် အစွမ်းကုန်ကစားတော့မည်ဖြစ်သကဲ့သို့ ချယ်လ်ဆီးကလည်း မန်ယူနှင့် အမှတ်ကွာခြားမှု မရှိအောင် ခြေကုန်ထုတ်ကစားမည်ဖြစ်သည်။ မန်ယူတို့ အသင်းကြီးများနှင့် အိုးထရက်ဖို့ဒ်၌ ကစားတိုင်းနိုင်ပွဲရတတ်မြဲဖြစ်ရာ ယခု ချယ်လ်ဆီးကို အိုးထရက်ဖို့ဒ်၌ ကောင်းကောင်းဧည့်ခံကစားမည်ဖြစ်သည်။

မန်ယူတိုက်စစ်တွင်ရွှန်နေ၊ဆာဟာ၊ စီရော်နယ်ဒိုတို့က ဒရော့ဘာ၊ ရက်ဖ်ချင်ကိုတို့လို ဂိုးသွင်းစွမ်းရည်ထက်မြက်သူများဖြစ်ပြီး ကစားအားလည်းရှိကြသည်။ သို့သော် အလယ်တန်းတွင် ပေါလ်စခိုး၊ မိုက်ကယ်ကာရစ်တို့ထက် ဘောလက်၊ လမ်းပတ်နှင့် အက်ဆီယန်တို့က သာနေပြန်ရာ အတွေ့အကြုံနှင့် ဂိုးသွင်းစွမ်းရည်တွင် ချယ်လ်ဆီး အလယ်တန်းမှာ မန်ယူတို့ထက် မဆိုစလောက်သာနေသည်။ နောက်တန်းတွင် ဖာဒီနန်၊ ဂယ်ရီနဗီးလ်၊ ဗီဒစ်နှင့် ဟိန့်ဇ်တို့က တယ်ရီဦးဆောင်သော ချယ်လ်ဆီးနောက်တန်းထက် ပိုမိုတောင့်တင်းသည်ဖြစ်ရာ ဖာဂူဆန်နှင့် မော်ရင်ဟိုတို့နှစ်ဦး မည်သူအစွမ်းထက်မည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

မနစ်က ရလဒ်အရ မန်ယူတို့က အိမ်ကွင်း၌ တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ယူထားသည်ဖြစ်ရာ ရှုံးကြွေးဆပ်ရန် မော်ရင်ဟိုလည်း သေသေချာချာ ပြင်ဆင်ပြီးမှ အိုးထရက်ဖို့ဒ်သို့ ချီတက်လာမည်ဖြစ်သည်။ ဖာဂူဆန်အတွက် ယခုပွဲအနိုင်ရလျှင် ပရီမီယာလိဂ်သရဖူကို လက်လှမ်းယူရန် နီးကပ်သွားပြီဖြစ်ရာ မော်ရင်ဟိုကို သင်ခန်းစာထပ်ပေးရန် အစွမ်းကုန်ကြိုးစားမည်သာဖြစ်သည်။ ဖာဂူဆန်အတွက် သတိထားရမည့်အချက်မှာ မန်ယူတိုက်စစ်မှူးများ ရသည့်အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်ရန်ပင်ဖြစ်သည်။ ထိုအချက် အားနည်းမှုမရှိလျှင် အိုးထရက်ဖို့ဒ်ညချမ်းမှာ မန်ယူတို့အတွက် အပြုံးပန်းဆင်မြန်းနိုင်မည်မှာ သေချာသည်။

### ဘော်လ်တန်နှင့် အာဆင်နယ်

ပုံမှန် ခြေစွမ်းပြန်ရလာသဖြင့် ချန်ပီယံလိဂ်နှင့် ပရီမီယာလိဂ်တို့၌ နိုင်ပွဲများရလာသော အာဆင်နယ်တို့ ဘော်လ်တန်ကို ရှုံးကြွေးပြန်ဆပ်ခွင့် ကြုံပြီဖြစ်သည်။ အာဆင်နယ်တွင် ဗန်ပါစီ၊ အွန်နရီ၊အီဘိုးနှင့် ဘက်တစ္စတာတို့က ဂိုးများသွင်းယူနိုင်ကြရာ ဘော်လ်တန်တိုက်စစ်မှူး ဒိုင်အုပ်ဖ်၊ ဒေးဗစ်တို့ထက် ဂိုးသွင်းစွမ်းရည်ပိုမြင့်ကြသည်။

နိုင်ပွဲများဆက်နေသော အာဆင်နယ်တို့ အဝေးကွင်းဖြစ်သော်လည်း ဘော်လ်တန်ကို အနိုင်ကစားကာ သုံးမှတ်အပြည့်ယူမည့် ခြေစွမ်းရှိနေသည်။ မန်ယူနှင့် ဟမ်းဘတ်အက်စ်ဗွီတို့ကဲ့သို့ အသင်းကြီးများကို အနိုင်ကစားသော အာစင်ဝင်းဂါးလည်း ဘော်လ်တန်နှင့်ပွဲ၌ မည့်သည့်နည်းယူကာသုံးမည်ကို ကြိုတင်စီစဉ်ထားပြီးဖြစ်နေရာ ဘော်လ်တန်တို့ အိမ်ကွင်းဖြစ်သော်လည်း ခက်ခက်ခဲခဲကစားရမည်ဖြစ်သည်။ ဘော်လ်တန်တို့ ယခုနှစ် ခြေစွာသည်မှန်သော်လည်း အာဆင်နယ်ကို ပိုနှစ်သက်မိသည်။ မနှစ်က နှစ်ဂိုးပြတ်ရှုံးခဲ့သော အာဆင်နယ်တို့ ရှုံးကြွေးဆပ်ပြီး အနိုင်ယူမည့်ပွဲပင်ဖြစ်သည်။

### လီဗာပူးနှင့် မန်စီးတီး

နိုင်ပွဲများနည်းနေ၍ ဖိအားပေးခံနေရသော လီဗာပူးနည်းပြ ဘင်နီတက်ဇ်မှာ နည်းဗျူဟာများပြောင်းကာ ကစားနေသော်လည်း ရလဒ်ကထူးခြားမလာသည့်အဖြစ်နှင့် ကြုံတွေ့နေရသည်။ သို့သော်အိမ်ကွင်း၌ ရှုံးပွဲမရှိအောင် ကစားထားနိုင်သည့် ခြေစွမ်းရှိနေရာ မန်စီးတီးတို့ ယခုပွဲသရေကျအောင်ပင် အကြိတ်အနယ် ကစားရမည့် အနေအထားရှိသည်။

လီဗာပူးတွင် ပီတာခရော့ချ်၊ ဂါစီယာတို့ရှိနေသော်လည်း ဂိုးသွင်းစွမ်းရည်မှာ အားရဖွယ်မရှိချေ။ ဂျရတ်လည်း နေရာပြောင်းကစားသဖြင့် အံဝင်ခွင်ကျမှုမရှိဘဲဖြစ်နေရာ ခြေစွမ်းမပြနိုင်ဘဲဖြစ်နေသည်။ သို့သော် အဝေးကွင်းခြေပျက်တတ်သော မန်စီးတီးကို လီဗာပူးတို့ ယခုပွဲအနိုင်ကစားမည်ဖြစ်သည်။ မန်စီးတီးတွင် ကော်ရာဒီနှင့် ဘာတန်တို့ ဂိုးသွင်းနိုင်ကြသော်လည်း လီဗာပူးရှေ့တန်းလောက် ဂိုးသွင်းနိုင်မှုမရှိချေ။ သို့သော် ကစားအားကောင်းသော မန်စီးတီးကို လီဗာပူးတို့ အကြိတ်အနယ် ရင်ဆိုင်ရမည့် အနေအထားရှိသည်။

### ချာလ်တန်နှင့် အဲဗာတန်

မနှစ်က ဂိုးမရှိသရေပွဲဖြစ်ခဲ့သော်လည်း လက်ရှိခြေစွမ်းအရ ချာလ်တန်တို့ သရေဆိုသည့်ရလဒ်ကိုပင် မမျှော်မှန်းနိုင်ချေ။ ဒါရင်ဘင့်တစ်ဦးသာ ဂိုးသွင်းနိုင်စွမ်းရှိပြီး ကျန်တိုက်စစ်မှူးများက ဂိုးသွင်းမသေချာသည်ဖြစ်ရာ အဲဗာတန်ကို ခြေရည်တူကစားရန်ပင် အတော်ကြိုးစားရပေလိမ့်မည်။ သို့သော် အဲဗာတန်တို့ကလည်း အိမ်ကွင်းခြေစွာသလောက် အဝေးကွင်း ခြေပျောက်တတ်နေပြန်ရာ ဖိဖိစီးစီးကစားမှ နိုင်ပွဲရမည်ဖြစ်သည်။

ချာလ်တန်သည် ခြေပေါ်လျှင် ဘော်လ်တန်အသင်းမျိုးကိုပင် အနိုင်ကစားတတ်သည်ဖြစ်ရာ အဲဗာတန်နည်းပြ မိုယက်စ် သတိထားရမည်ဖြစ်သည်။ အဲဗာတန်အတွက် ဂျွန်ဆင်၊ အာတီတာနှင့် အနီချီဘီတို့ ဂိုးများသွင်းယူပေးနိုင်စွမ်းရှိရာ အဲဗာတန်တို့ အဝေးကွင်းသုံးမှတ်အပြည့်ရဖွယ်ရှိသည့်ပွဲပင် ဖြစ်သည်။



**မိုက်ကယ်ဘောလက်**

ဂျာမနီမှ ကွင်းလယ် ကစားသမားမိုက်ကယ်ဘောလက်သည် ချယ်လ်ဆီးအသင်း၌ အသားကျစပြုနေပြီ ဖြစ်သည်။

### ဖူလ်ဟမ်နှင့် ရက်ဒင်း

အကြိတ်အနယ် ကစားရမည့်ပွဲပင်ဖြစ်သည်။ မျက်နှာသစ်ရက်ဒင်းကို ဖူလ်ဟမ်တို့ အိမ်ကွင်း၌ ကစားရမည်ဖြစ်သော်လည်း ခက်ခက်ခဲခဲရင်ဆိုင်ရမည်ဖြစ်သည်။ ရက်ဒင်း တိုက်စစ်မှူးများဖြစ်သည့် ဒွိုင်လီနှင့်ကီဟွန်းတို့က ဖူလ်ဟမ်၏အားနည်းသော နောက်တန်းခံစစ်ကြောင်းကို ကျော်ဖြတ်နိုင်သူများဖြစ်ရာဖူလ်ဟမ်နည်းပြရော်နယ်ကိုးမင်း သတိထားရမည့်အချက်ပင်ဖြစ်သည်။

ဖူလ်ဟမ်သည် အိမ်ကွင်းခြေမာသည်ဖြစ်ရာ ရက်ဒင်းတို့ လွယ်လွယ်ကူကူ အနိုင်ယူရန် မလွယ်ချေ။ ပရီမီယာလိဂ်၌ နောက်တန်း အားအနည်းဆုံးဖြစ်နေမှုကို နည်းပြရော်နယ်ကိုးမင်း အချိန်မီပြင်ဆင်နိုင်လျှင် ဖူလ်ဟမ်တို့ အလေးသာဖွယ်ရှိနေသည်။

### စပါးနှင့် ဝီဂန်

အိမ်ကွင်းကစားအားကောင်းသည့် စပါးကို ဝီဂန်တို့အနိုင်ရရေးမှာ မျှော်လင့်ချက်နည်းလှသည်။ စပါးတွင် ကစားသမားကောင်းများရှိနေရာ ဒီဖိုး၊ မီဒိုနှင့် ဂါလေတို့က တစ်ကွင်းလုံး လိုက်ပါကစားနိုင်ကြသည်။စပါးနည်းပြ မာတင်ဂျိုးက တစ်ဖက်အသင်း ကစားအားကို ကြည့်ပြီး နည်းဗျူဟာ ပြောင်းလဲကစားနိုင်သူဖြစ်ရာ ဝီဂန်ကို အိမ်ကွင်း၌ နိုင်ပွဲရအောင်ကစားမည်သာဖြစ်သည်။

ဝီဂန်တွင်လည်း ကာမာရာနှင့် မက်ကူလ်လော့တို့က ဂိုးသွင်းသူရဲကောင်းများဖြစ်နေရာ စပါးခံစစ်မှူးများ အထူးသတိထားမှ တော်ကာကျပေလိမ့်မည်။ စပါး၏အိမ်ကွင်းခြေစွမ်းမှာ အသင်းကြီးများကိုပင် ဒုက္ခပေးနိုင်စွမ်းရှိသည်ဖြစ်ရာ ပြီးခဲ့သည့်နှစ်ကရလဒ်ဖြစ်သည့် သရေပွဲ အနေအထားကို စပါးတို့ ချေဖျက်ပေလိမ့်မည်။

### ဝက်ဖို့ဒ်နှင့် ဘလက်ဘန်း

ဝက်ဖို့ဒ်တို့ အိမ်ကွင်းဖြစ်သော်လည်း ဘလက်ဘန်းကို မယှဉ်နိုင်ချေ။ နိုင်ပွဲလိုအပ်နေသော ဘလက်ဘန်းတို့ ဝက်ဖို့ဒ်ကိုအနိုင်ကစားပြီး သုံးမှတ်အပြည့်ယူမည့်ပွဲပင်ဖြစ်သည်။ ဘလက်ဘန်းတွင် မိုကောနာ၊ မက်ကာသီနှင့် ပီတာတို့က အင်အားပြည့် ကစားနိုင်ကြပြီး ဂိုးလည်းသွင်းနိုင်ကြ သူများဖြစ်သည်။ ဘလက်ဘန်းနည်းပြ မက်ဟူးချ်က ယခုပွဲကိုနိုင်ပွဲအဖြစ်သတ်မှတ်ကစားမည်ဖြစ်ရာ လက်ရှိအနေအထားဖြင့် ဝက်ဖို့ဒ်တို့ သရေပင် မမျှော်မှန်းနိုင်ချေ။

### ဝက်စ်ဟမ်းနှင့် ရှက်ဖီး

တေဗက်၊ မူလင်စ်၊ ဂတ်ဘီဒွန်နှင့် ရီယိုကော်ကာတို့ ခြေစွမ်းပြနိုင်လျှင် ဝက်စ်ဟမ်းတို့ အနိုင်ရမည့်ပွဲဖြစ်သည်။ ရှက်ဖီးသည် ရှေ့တန်းတိုက်စစ်အားနည်းသလို နောက်တန်းလည်း လုံခြုံမှုမရှိသည့် အသင်းဖြစ်ရာ ဝက်စ်ဟမ်းတိုက်စစ်မှူးများအကြိုက်တွေ့မည့် အနေအထားရှိသည်။ ဝက်စ်ဟမ်းနည်းပြ အလန်ပါဂျူက ယခုပွဲသရေနှင့် ကျေနပ်မည် မဟုတ်ရာ အိမ်ကွင်း၌ အနိုင်ကစားမည်သာဖြစ်သည်။

### နယူးကာဆယ်နှင့် ပို့စ်မောက်

မနှစ်က နှစ်ဂိုးပြတ်သွင်းအနိုင်ယူခဲ့သောရလဒ်မျိုး ယခုပွဲ၌နယူးကာဆယ်တို့မျှော်မှန်း၍မရနိုင်ချေ။ ပို့စ်မောက်၏ ခြေစွမ်းမှာ ပရီမီယာလိဂ်၌ယခုနှစ်တွင် အတိုးတက်ဆုံးဖြစ်နေရာ မနှစ်က ရှုံးကြွေးကို သေချာပေါက် ပြန်ဆပ်ပေလိမ့်မည်။ ပို့စ်မောက် တိုက်စစ်မှူးများကလည်း ၁၃ပွဲကစားပြီး ၁၉ဂိုး သွင်းထားနိုင်သည်ဖြစ်ရာ နယူးကာဆယ်ကို ဂိုးပြတ်သွင်းအနိုင်ယူရေး ကြိုးစားမည်သာဖြစ်သည်။ ပို့စ်မောက်နည်းပြ ရက်နက်မှာ နယူးကာဆယ်ကို အဝေးကွင်း၌ မည်သည့်ဗျူဟာဖြင့် ခင်းကျင်းရမည်ကို သိထားသူဖြစ်ရာ နယူးကာဆယ်တို့ အမြင့်ဆုံးမျှော်မှန်းနိုင်သည်မှာ သရေမျှသာဖြစ်သည်။ ။

(မြန်မာ့အလင်း)



မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်ကြီး ဆောက်လုပ်ရန်အတွက် အမှတ် ၅၀၅ (B) ဆောင် ညောင်ပင်လေးဈေး ပလာဇာ လမ်းမတော်မြို့နယ် ရန်ကုန်မြို့နေ ဒေါ်ခင်အေးဝင်းနှင့် ဓမ္မမိတ်ဆွေများ စုပေါင်းလှူဒါန်းငွေကျပ် ၃၅၉၁၀၀ ကို ကျောင်းအကျိုးတော်ဆောင် ဆရာတော် ဦးဥက္ကဌ (မြစ်ကျိုး) ၏ ရှေ့မှောက်တွင် လှူဒါန်းရာ ကျောင်းအမှုဆောင် ဒေါ်ကေသက်မော်က အလှူတော်ငွေလက်ခံယူစဉ်။

(က–ပ)

# အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ပို့ဆောင်ရေးက မြန်မာ့မီးရထားကိုအနိုင်ရ

**ရန်ကုန် နိုဝင်ဘာ ၂၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း (မြန်မာလိဂ်) အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ ပို့ဆောင်ရေးအသင်းက မြန်မာ့မီးရထားအသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပထမပိုင်းတွင်တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ကြဘဲ ဂိုးမရှိ သရေပွဲဖြစ်နေသည်။ ပို့ဆောင်ရေးအသင်းအတွက် အနိုင်ဂိုးများကို ဒုတိယပိုင်းတွင် ပြည့်ဖြိုးဦးက သုံးဂိုး၊ မောင်မောင်မြင့်က တစ်ဂိုး သွင်းယူပေးသည်။

### ယနေ့ပွဲ

နိုဝင်ဘာ ၂၃ရက် **(ယနေ့)** ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ စီးပွား/ကူးသန်းအသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(မြန်မာ့အလင်း)

# မြဝတီရုပ်မြင်သံကြား

**၂၃–၁၁–၂၀၀၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၁၅ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄း၁၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄း၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၂၅ | ၇။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅း၄၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆း၃၀ | ၁၂။ | လျှပ်တစ်ပြက် |
| ၆း၃၅ | ၁၃။ | လှုပ်လှုပ်ရှားရှား ပုံရိပ်များ |
| ၇း၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လှိုု့ဝှက်ချက်"** (အပိုင်း–၃၆) |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၁၈။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နောက်ဆုံးပစ်မှတ်"** (အပိုင်း–၁၀) |

# ကမ္ဘာတစ်လွှား အားကစား

## အာဆင်နယ်နိုင်၊ ရီးရဲမက်ဒရစ်သရေနှင့် မန်ယူတို့ ရှုံးပွဲကြုံရသည့် ချန်ပီယံလိဂ်

မက်ဒရစ် နိုဝင်ဘာ ၂၂

**ချန်ပီယံလိဂ်ဘောလုံးပွဲစဉ်များကို နိုဝင်ဘာ၂၂ရက်က ဆက်လက်ကစားရာ အုပ်စု(င)မှ ရီးရဲမက်ဒရစ်နှင့်လိုင်ယွန်တို့ သရေပွဲဖြစ်ပြီး အုပ်စု(စ)မှ ဆဲလ်တစ်နှင့် မန်ယူတို့ပွဲတွင် ဆဲလ်တစ်က တစ်ဂိုး -ဂိုးမရှိဖြင့် အနိုင်ရရှိသွားကာ အုပ်စု(ဆ)မှ အာဆင်နယ်နှင့်ဟမ်းဘတ်အက်စ်ဗွီတို့ပွဲတွင် အာဆင်နယ်ကသုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။**

**စုစည်းတင်ပြသူ**
**မောင်မောင်မြင့်ဆွေ**

### ဆဲလ်တစ်နှင့် မန်ယူ

ချန်ပီယံလိဂ်အုပ်စု(စ)တွင် မန်ယူတို့ ဒုတိယမြောက်ရှုံးပွဲကြုံခဲ့ရသည်။ မန်ယူသည် ဂိုးသွင်းခွင့် အခွင့်အရေးများရရှိခဲ့သော်လည်း အကျိုးရှိအောင် အသုံးမချနိုင်ခဲ့ချေ။

### ဆန္ဒစောနေ

မန်ယူသည် ၄-၄-၂ ခင်းအကျင်းဖြင့် ဆဲလ်တစ်ကို ကစားခဲ့ရာ ရွန်နေနှင့် ဆာဟာတိုက်စစ်အတွဲကို ရှေ့တင်ကစားခဲ့သည်။ အလယ်တွင် စီရိုနယ်ဒို၊ ပေါလ်စခိုးလ်၊ ရိုင်ယန်ဂစ်နှင့် မိုက်ကယ်ကာရစ်တို့ကိုထားကာ နောက်တန်း၌ ဖာဒီနန်၊ ဟိန့်ဇ်၊ နဗီးလ်နှင့်ဗီဒစ်တို့ကို အထိုင်ချ ကစားစေခဲ့ရာ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ကစားနိုင်ခဲ့သော်လည်း တိုက်စစ်မှူးများ ဆန္ဒစောနေမှုကြောင့် ဂိုးမရရှိခဲ့ခြင်းဖြစ်သည်။

### ဂိုးသွင်းယူခဲ့

နှစ်သင်းစလုံးပထမပိုင်းပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ကြဘဲ ဒုတိယပိုင်း ပွဲချိန် ၈၁ မိနစ်ရောက်မှာသာ ဆဲလ်တစ် ကွင်းလယ် ကစားသမား နာကာမူရာက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ မန်ယူသည် ကစားအားတင်သည့် အနေဖြင့် ၈၇ မိနစ်တွင် ဟိန့်ဇ်အစားအီဗရာ၊ မိုက်ကယ်ကာရစ်အစား အိုရှေးရားတို့ကို ထည့်သွင်းကစားစေခဲ့သည်။



**ရီးရဲမက်ဒရစ်နှင့် လိုင်ယွန်တို့ပွဲတွင် ရီးရဲမက်ဒရစ်မှ ဒီယာရာ** (ယာ) **ထိုးဖောက်ကစားစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

### လွဲချော်

မန်ယူတို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာ ပွဲချိန်မိနစ် ၉၀တွင် ပယ်နယ်တီပြစ်ဒဏ်ဘောရရှိခဲ့ရာ ယင်းပယ်နယ်တီကို တိုက်စစ်မှူး ဆာဟာကန်သွင်းရာ လွဲချော်ခဲ့သဖြင့် မန်ယူတို့ တစ်ဂိုး-ဂိုးမရှိဖြင့် ကပ်ပြီးရှုံးခဲ့ရခြင်းဖြစ်သည်။ မန်ယူတို့ ယခုပွဲရှုံးခဲ့သဖြင့် အုပ်စု(စ)တွင် ငါးပွဲကစား သုံးပွဲနိုင်၊ နှစ်ပွဲရှုံး၊ ကိုးမှတ်ဖြင့် အုပ်စု ဒုတိယနေရာတွင် ရှိနေပြီး ဆဲလ်တစ်မှာလည်း ငါးပွဲကစား သုံးပွဲနိုင်၊ နှစ်ပွဲရှုံးဖြင့် မန်ယူနှင့် ရမှတ်တူနေသော်လည်းဂိုးကွာခြားချက်ဖြင့် အုပ်စုပထမနေရာ၌ ရပ်တည်နေသည်။

### အာဆင်နယ်နှင့် ဟမ်းဘတ်အက်စ်ဗွီ

ချန်ပီယံလိဂ်အုပ်စု(ဆ)မှ အာဆင်နယ်တို့ အိမ်ကွင်းဂိုးပြတ်သွင်းနိုင်ခဲ့သည်။ သို့သော်ငြားသည် ဟမ်းဘတ်အက်စ်ဗွီတို့က ဦးဆောင်ဂိုးသွင်းယူခြင်းခံရပြီးမှ အာဆင်နယ်တို့ ချေပဂိုးနှင့် အနိုင်ဂိုးများသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဟမ်းဘတ်အက်စ်ဗွီအတွက် အဖွင့်ဂိုးကို ပွဲချိန်လေးမိနစ်မှာပင် ဟမ်းဘတ် ကွင်းလယ်ကစားသမား ဗင်ဒါဗတ်က သွင်းယူခဲ့သည်။

### ချေပဂိုးမသွင်းနိုင်

အာဆင်နယ်တိုက်စစ်မှူး အွန်နရီနှင့် ဗန်ပါစီတို့က ဟမ်းဘတ်အက်စ်ဗွီဘက်သို့ ချေပဂိုး ရရှိရေးကြိုးစားခဲ့သော်လည်း ပထမပိုင်း ပွဲချိန်အတွင်း ချေပဂိုးမသွင်းနိုင်ခဲ့ချေ။

### အနိုင်ရရှိခဲ့

ဒုတိယပိုင်း ပွဲချိန် ၅၂ မိနစ်ရောက်မှသာ ဗန်ပါစီက တစ်ဂိုး၊ ၈၃ မိနစ်တွင် အီဘိုရေးက တစ်ဂိုးနှင့် ၈၈ မိနစ်တွင် ဘာတစ်စတာက တစ်ဂိုး သွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

အာဆင်နယ်တို့ ယခုပွဲ အနိုင်ရရှိခဲ့သဖြင့် အုပ်စု(ဆ)တွင် ငါးပွဲကစား၊ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် အုပ်စုပထမနေရာ၌ရှိနေပြီး ဟမ်းဘတ်အက်စ်ဗွီမှာ နိုင်ပွဲမရသေးဘဲ အုပ်စုအောက်ဆုံး၌ ရှိနေသည်။

**ဆဲလ်တစ်နှင့် မန်ယူတို့ပွဲတွင် မန်ယူမှ ဟိန့်ဇ်**(ယာ)**ဘောလုံးဟန့်တားခဲ့စဉ်။**
(ဓာတ်ပုံ-အင်တာနက်)



### ရီးရဲမက်ဒရစ်နှင့်လိုင်ယွန်

အုပ်စု(င)မှ ရီးရဲမက်ဒရစ်တို့ နိုင်ပွဲရသင့်သော်လည်း နစ္စတယ်ရွိုင်းကြောင့် မရရှိခဲ့ခြင်းပင်ဖြစ်သည်။ အိမ်ကွင်း၌ ကစားရသော်လည်း ရီးရဲမက်ဒရစ်တို့ နှစ်ဂိုးအသွင်းခံရပြီးမှ နောက်မှလိုက်လံ ချေပဂိုးများ သွင်းယူခဲ့ရခြင်း ဖြစ်သည်။

လိုင်ယွန်အတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၁မိနစ်၌ ဂျွန်ခရေ့က သွင်းယူပေးခဲ့ပြီး ဒုတိယဂိုးကို မာလောဒါက ၃၁မိနစ်၌ သွင်းယူပေးခဲ့သဖြင့် လိုင်ယွန်တို့ နှစ်ဂိုးအသာဖြင့် ဦးဆောင်နေနိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်အတွက် ချေပဂိုးများကို ၃၉မိနစ်တွင် ဒီယာရာ၊ ၈၃မိနစ်တွင် နစ္စတယ်ရွိုင်းတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ထို့နောက်၈၉မိနစ်တွင် ရီးရဲမက်ဒရစ်ပယ်နယ်တီရရှိရာ နစ္စတယ်ရွိုင်းကန်သွင်းသော်လည်း မဝင်ခဲ့သဖြင့် သရေပွဲဖြစ်ခဲ့ရခြင်း ဖြစ်သည်။

ရီးရဲမက်ဒရစ်သည် ယခုပွဲ သရေကျသဖြင့် အုပ်စု(င)တွင် ဒုတိယ နေရာ၌ ရှိနေပြီး လိုင်ယွန်က ပထမနေရာတွင် ရှိနေသည်။

### အခြားပွဲရလဒ်များ

| | | |
|---|---|---|
| **စီအက်စ်ကေအေ** | **၀-၂** | **အက်ဖ်စီပေါ်တို** |
| **စတူအာ** | **၁-၁** | **ဒိုင်နမိုကိဗ်** |
| **ဘင်ဖီကာ** | **၃-၁** | **ကိုပင်ဟေဂင်** |
| **အေသင်** | **၁-၀** | **အေစီမီလန်** |
| **လိုင်လီ** | **၂-၂** | **အန်ဒါးလက်ချ်။** |

(အင်တာနက်)

## အင်္ဂလန်အသင်းတွင် ပါဝင်ကစားရေး ပေါလ်စခိုးလ် ပြန်လည်စဉ်းစားခဲ့ဟုဆို



**မန်ယူ ကွင်းလယ် ကစားသမား ပေါလ်စခိုးလ်။**
(ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် နိုဝင်ဘာ ၂၂**

မန်ချက်စတာယူနိုက်တက် ကွင်းလယ်ဖန်တီးရှင် ပေါလ်စခိုးလ်သည် နိုင်ငံတကာပွဲများကစားခြင်းကို အနားယူခဲ့ပြီးဖြစ်သော်လည်း အင်္ဂလန် နည်းပြသစ် မက်ကလာရင်၏ လက်ထက်တွင် ပြန်လည်ကစားရန်စဉ်းစားခဲ့ကြောင်း ၎င်းက ဝန်ခံပြောကြားလိုက်သည်။

### အဆက်အသွယ်လုပ်ခဲ့

အသက် ၃၁နှစ်ရှိပေါလ်စခိုးလ်သည် ယူရို ၂၀၀၄ ပြီးနောက် အင်္ဂလန်အသင်းမှ အနားယူခဲ့သည်။ သို့သော်လည်း နည်းပြသစ်မက်ကလာရင်က ၎င်းအားအင်္ဂလန်အသင်းတွင် ပြန်လည်ကစားရန် နှစ်ကြိမ်တိုင် အဆက်အသွယ်ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

### စဉ်းစားရုံသာစဉ်းစား

မိမိသည် အင်္ဂလန်အသင်းတွင် ပြန်လာရန်စဉ်းစားရုံသာ စဉ်းစားနိုင်မည်ဖြစ်ကြောင်း၊ ပြန်လာရေးဆုံးဖြတ်ချက်ချနိုင်မည်မဟုတ်ကြောင်း ပေါလ်စခိုးလ်က ပြောကြားသည်။

အင်္ဂလန်နည်းပြမက်ကလာရင်က ၎င်းအား အင်္ဂလန်အသင်းတွင် ပြန်လာမည်လားဟု မေးမြန်းရာ၌ ပြန်လာရေးဆုံးဖြတ်ချက်ချရန် လိုအပ်မည် မဟုတ်တော့ကြောင်း ပြောကြားခဲ့သည်ဟု ဆိုသည်။

### အသက်သွင်းခဲ့

ပေါလ်စခိုးလ်သည် ယခုနှစ်ရာသီတွင် မန်ချက်စတာယူနိုက်တက် အသင်းကို အမှတ်ပေးဇယားထိပ်ဆုံး နေရာပြန်ရောက်ရန် အသက်သွင်းခဲ့သူဖြစ်သည်။ သို့သော်လည်း ၎င်းက မန်ယူအားထိပ်ဆုံးပြန်ရောက်အောင်ပို့ခဲ့သော်လည်း ကျေနပ်မှုမရသေးကြောင်း ပြောကြားသည်။

### ပါဝင်ကစား

ပေါလ်စခိုးလ်သည် အင်္ဂလန်အသင်းတွင် ၆၅ပွဲပါဝင်ကစားခဲ့ရာတွင် ၁၄ဂိုးသွင်းယူပေးခဲ့သည်။ **(အင်တာနက်)**



**မန်ယူ အသင်းခေါင်းဆောင် ဂယ်ရီနဗီးလ်။**
(ဓာတ်ပုံ-အင်တာနက်)

## မန်ယူအသင်းခေါင်းဆောင် နဗီးလ် ခြေသလုံးခွဲစိတ်ကုသမှု ခံရဖွယ်ရှိ

**လန်ဒန် နိုဝင်ဘာ ၂၂**

မန်ချက်စတာယူနိုက်တက် အသင်းခေါင်းဆောင် ဂယ်ရီနဗီးလ်သည် ခြေသလုံးခွဲစိတ်ကုသမှုခံယူရန် လိုအပ်လိမ့်မည်ဖြစ်ကြောင်း မန်နေဂျာ ဖာဂူဆန်က ပြောကြားသည်။ အသက် ၃၁နှစ်ရှိ နဗီးလ်၏ ခြေသလုံးကြွက်သားပြဿနာရှိနေမှုအတွက် စိုးရိမ်ပူပန်နေမိကြောင်း၊ ယင်းဒဏ်ရာကြောင့်လာမည့်ပွဲများတွင် လွဲနိုင်ကြောင်း၎င်းကပြောကြားသည်။ အဆိုပါ မန်ယူအသင်းခေါင်းဆောင်သည် ပြီးခဲ့သော ဘလက်ဘန်းနှင့်ကစားသည့်ပွဲ၌ လူစားလဲကစားခဲ့ရသည်။

### ပျက်ပြားနိုင်

၎င်းသည် အင်္ဂလန်နှင့် နယ်သာလန်ချစ်ကြည်ရေးပွဲနှင့်လည်း လွဲခဲ့ရသည်။ ဂယ်ရီနဗီးလ်သည် မန်ယူ၏အတွေ့အကြုံ အရင့်ကျက်ဆုံး ကစားသမားဖြစ်သည်။ ၎င်းဒဏ်ရာရထား၍ မန်ယူ၏ဖလားရရှိရေးမျှော်လင့်ချက်ကို ထိခိုက်နိုင်ကြောင်းလည်း ဖာဂူဆန်က ပြောကြားသည်။ **(အင်တာနက်)**



### လွှဲပြောင်းယူမည့် မက်နတ်ဆွန်

**ဝက်စ်ဟမ်းအသင်းအား လွှဲပြောင်းယူမည့် အိုက်စလန်ဘောလုံးအသင်းဥက္ကဋ္ဌ မက်နတ်ဆွန်။**
(ဓာတ်ပုံ-အင်တာနက်)

## အိုက်စလန်ဘောလုံးအသင်းဥက္ကဋ္ဌ ဝက်စ်ဟမ်းဘောလုံးအသင်းကို ဝယ်ယူ

**လန်ဒန် နိုဝင်ဘာ ၂၂**

ဝက်စ်ဟမ်းအသင်းသည် အက်ဂတ်မက်နတ်ဆွန်က ပေါင် ၈၅သန်းဖြင့် အသင်းအား လွှဲပြောင်းယူရန် ကမ်းလှမ်းချက်ကို လက်ခံလိုက်ပြီဖြစ်သည်။

### လွှဲပြောင်းယူ

မက်နတ်ဆွန်၏ ပူးပေါင်းကုမ္ပဏီအုပ်စုက ဝက်စ်ဟမ်းအသင်း၏ အစုရှယ်ယာ ၈၃ ရာခိုင်နှုန်းကို ဝယ်ယူသွားရန် သဘောတူညီချက်များ ရရှိထားသည်။ ၎င်းသည် ဝက်စ်ဟမ်းအသင်းဥက္ကဋ္ဌ တက်ရီဘရောင်း၏ နေရာတွင်အစားထိုး လွှဲပြောင်းယူလိမ့်မည်ဖြစ်သည်။

### လုပ်ဆောင်လိမ့်မည်

သို့သော်လည်း ဘရောင်းသည် အပ်တွန်ပတ်၌ ညွှန်ကြားရေးမှူးအဖြစ် ဆက်လက်လုပ်ဆောင်လိမ့်မည်ဖြစ်သည်။

### ဆောင်ရွက်နေသူ

မက်နတ်ဆွန်သည် သွင်းကုန် ပို့ကုန်နှင့် ဘီစကွတ်မုန့်ထုတ်လုပ်ရေး ကုမ္ပဏီပိုင်ရှင်ဖြစ်သည်။ ၎င်းသည် ၁၉၈၉ ခုနှစ်ကတည်းက အိုက်စလန် ဘောလုံးအသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသူလည်းဖြစ်သည်။

### အဖွဲ့ဝင်ဖြစ်

အသက် ၅၉နှစ်ရှိအဆိုပါ ကုမ္ပဏီပိုင်ရှင်သည် ၂၀၀၂ ခုနှစ်ကတည်းက ယူအီးအက်ဖ်အေ အမှုဆောင်ကော်မတီအဖွဲ့ဝင်လည်းဖြစ်သည်။

### စဉ်းစားနေ

ဝက်စ်ဟမ်းအသင်းကို အပ်တွန်ပတ်မှ လန်ဒန်အိုလံပစ်ကွင်းသို့ ပြောင်းရွှေ့သွားရန်လည်း စဉ်းစားနေကြောင်း မက်နတ်ဆွန်က ပြောကြားသည်။ **(အင်တာနက်)**

**ရေးသားတင်ပြသူ- မြင့်မောင်စိုး**



# မြင်းခြံမြို့ ဆန္ဒတော်ပြည့်စေတီတော် မသိုးသက်န်းရက်လုပ် ဆက်ကပ်လှူဒါန်း

မြင်းခြံ နိုဝင်ဘာ ၁၀

**မြင်းခြံခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး ကျင်းပသော ဆန္ဒတော်ပြည့်စေတီတော် စတုတ္ထအကြိမ် မသိုးသင်္ကန်းရက်လုပ် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၃ ရက် ညနေ၃နာရီက ဆန္ဒတော် ပြည့် စေတီရင်ပြင်တော်၌ ကျင်းပသည်။**

အခမ်းအနားတွင် ဆန္ဒတော်ပြည့် စေတီတော်အကျိုးဆောင်နာယက ဒီဃ ဘာဏက မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နန္ဒိယအား အမှူးထား၍ မြင်းခြံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယရဲမှူးတင့်ဝေနှင့် စေတီတော် ဂေါပက အကျိုးတော်ဆောင် ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအလုပ်အမှုဆောင် ဦးမြအောင် တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** စေတီတော်ရင်ပြင် မသိုးသင်္ကန်းရက် လုပ် နေသည့် ရက်ကန်းစင်ငါးစင်အား လှည့်လည် ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ မြို့နယ် ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဘာသာရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

**ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဘုကြီးရေစက်ရုံ ရေပေးဝေမှုကို အောက်တိုဘာ၂၃ရက်က စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယ ညွှန်ကြားရေးမှူးချုပ် (အင်/ယာ) ဦးကျော် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဦးတို့က ရေစက်များ ကောင်းမွန်ရေးနှင့် မြို့ရေပေးရေးလုပ်ငန်းကို ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

# ရှမ်းပြည်နယ်ဥက္ကဋ္ဌဖလား အကြီးတန်းဘောလုံးပြိုင်ပွဲဗိုလ်လု ဆုချီးမြှင့်ပွဲအခမ်းအနား တောင်ကြီးမြို့၌ကျင်းပ

တောင်ကြီး နိုဝင်ဘာ ၁၀

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အကြီးတန်းဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ၃ ရက်က တောင်ကြီးမြို့ ပြည်နယ်အားကစားပြိုင်ကွင်းတွင် ကျင်းပ သည်။**

နောက်ဆုံးဗိုလ်လုပွဲအဖြစ် နဂါး ခွန် ဘောလုံးအသင်းနှင့် ရွှေခြသေ့ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစား ကြရာ နဂါးခွန်ဘောလုံးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွား သည်။



ပြိုင်ပွဲအပြီး ဆုပေးပွဲကိုဆက်လက် ကျင်းပရာ ပထမ၊ ဒုတိယ ရရှိသော အသင်းများမှ တစ်ဦးချင်းဆုတံဆိပ်များ၊ နေရာအလိုက်နှင့် အကောင်းဆုံးဆု ရရှိသူများအား ဆုတံဆိပ်နှင့် ငွေကျပ် တစ်သောင်းစီတို့ကို ပြည်နယ်တာဝန်ရှိ သူများကပေးအပ်ကြပြီး အနိုင်ရဗိုလ်စွဲ သွားသော နဂါးခွန်ဘောလုံးအသင်း အား ရှမ်းပြည်နယ်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးက တံခွန်စိုက်ဆုဖလားနှင့်ငွေ သားကျပ် သုံးသိန်းကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** **(ပြည်နယ် အား/ကာ)**



**တောင်တွင်းကြီးမြို့နယ် လှည်း ပွဲကြီးကျေးရွာ နှစ်လက်မ စက် ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို တာဝန်ခံ အင်ဂျင်နီယာ ဦးရဲ နိုင်ထွန်း ဆောင်ရွက်ရာသို့ နိုဝင်ဘာ ၁ရက်က မြို့နယ် စည်ပင် သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးတို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ် စည်ပင်)

# မိတ္ထီလာမြို့နယ် စစ်မှုထမ်းဟောင်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးငွေ လွှဲပြောင်းပေးအပ်

**မိတ္ထီလာ နိုဝင်ဘာ ၁၅**

၂၀၀၅-၂၀၀၆ ပညာသင်နှစ်အတွက် ချီးမြှင့်သော စစ်မှုထမ်းဟောင်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီက မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမတွင် ကျင်းပသည်။

## လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် သဘာပတိ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမျိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၀၅-၂၀၀၆ပညာသင်နှစ်အတွက် ထောက်ပံ့ငွေ ကျပ် ၆၄၀၈၀၀ ကို မြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးခင်မောင်ချို(ငြိမ်း)ထံ လွှဲပြောင်းပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**



# နမ့်ခမ်းမြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**နမ့်ခမ်း နိုဝင်ဘာ ၁၂**

နမ့်ခမ်းမြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ကျေးရွာပေါင်းစုံ ဘောလုံး ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို နိုဝင်ဘာ ၆ရက်က ဟိုနောင်ရပ်ကွက်နှင့် ပေါက် တိုက်ရပ်ကွက်(က)အသင်းတို့ ယှဉ်ပြိုင် ကစားကြရာ ပြိုင်ပွဲတွင်ဟိုနောင်အသင်း က လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရဗိုလ်စွဲ သွားသည်။

## ပေးအပ်ချီးမြှင့်

ဆုရရှိသော အသင်းနှင့် အား ကစားသမားများကို တာဝန်ရှိသူများက တစ်ဦးချင်းနှင့် အသင်းလိုက် ဆုရသူ များကို ဆုများပေးအပ်ပြီး ပထမဆု ဗိုလ်စွဲသော ဟိုနောင်ရပ်ကွက်အသင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးဌေးလွင်က ဆုဖလားကို ပေးအပ် ချီးမြှင့်သည်။

**(မြို့နယ် အား/ကာ)**

# ကလေးမြို့လုံးကျွတ် စုပေါင်းမဟာဘုံကထိန်ပွဲကျင်းပ

**ကလေး နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်း ကလေးမြို့ ဝန်ထမ်း ပေါင်းစုံနှင့် မြို့သူမြို့သားများ၏ (၁၃) ကြိမ်မြောက် မြို့လုံးကျွတ်စုပေါင်းမဟာ ဘုံကထိန်ပွဲကို အောက်တိုဘာ၂၇ရက် မွန်းလွဲ ၁ နာရီက ပဒေသာပင်များ မြို့တွင်းလှည့်လည်ပြီး အောက်တိုဘာ ၂၈ရက် နံနက် ၉နာရီတွင် ပင့်သံဃာ တော် အပါး၅၀တို့အား ကထိန်သင်္ကန်း များ ရေစက်သွန်းချလှူဒါန်းပွဲကို ရွှေဘုံသာ ဘုရားကြီး ဓမ္မာရုံတွင် ကျင်းပ သည်။

ကလေး ဒေသကွပ်ကဲမှုစစ်ဌာန ချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်၊ မြို့နယ်၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များက လှူဒါန်းသော ပဒေသာပင် ၉၉ ပင် စုစုပေါင်းတန်ဖိုးငွေကျပ် ၈၃ သိန်း ကျော်ကို မြို့နယ်အတွင်းရှိ ဘုန်း တော်ကြီးကျောင်းနှင့် သီလရှင်စာသင် တိုက် ၅၀ကျော်အား ရေစက်ချလှူဒါန်း ခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

**မုဒုံမြို့နယ် စည်ပင်သာယာရေး အဖွဲ့ မြို့စိမ်းလန်းစိုပြည်သာယာလှပ ရေးအတွက်မြို့တွင်းလမ်းတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးနေမှုကို အောက်တိုဘာ ၂၃ ရက်က အမှု ဆောင်အရာရှိ ဒုတိယညွှန်ကြား ရေးမှူး ဦးမောင်မောင်အေးနှင့်အဖွဲ့ လုပ်ငန်းကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



# စုပေါင်းဘုံကထိန်ပွဲ ရေဦးမြို့၌ကျင်းပ

**ရေဦး နိုဝင်ဘာ ၁၀**

ရေဦးမြို့ ဈေးမြောက်ဘက်နှင့် ဘောလုံးကွင်းအရှေ့ဘက်တိုက်တန်းရှိ ဈေးသူ ဈေးသားများ၏ (၂၁)ကြိမ် မြောက် စုပေါင်းမဟာဘုံကထိန်ပွဲကို နိုဝင်ဘာ ၂ရက်က ရေဦးမြို့ ပန်းကုန်း ကျေးရွာ ကမ်းဖြူဘုရားကြီးတိုက်တွင် ကထိန်လျာနှင့် လှူဖွယ်ဝတ္ထုပစ္စည်း ငွေကျပ် ကိုးသိန်းကို ရေစက်ချလှူဒါန်း ကြသည်။

## ဟောကြား

လှူဒါန်းမှုအစုစုအတွက် ရေဦးမြို့ ချမ်းသာကြီး ပရိယတ္တိစာသင်တိုက်ကြီး ၏ ပဓာနဆရာတော် ဦးနန္ဒိယ (အဂ္ဂ မဟာ ပဏ္ဍိတ)က အနုမောဒနာတရား ဟောကြားသည်။ **(၃၇၈)**



**ပဲခူး တိုင်း (အနောက်ပိုင်း) မင်း လှ မြို့ နယ် စည် ပင် သာ ယာ ရေးအဖွဲ့ ၂၀၀၆-၂၀၀၇ဘဏ္ဍာရေး နှစ်တွင် ဆောင် ရွက်ခဲ့သော စာနီစု ကျေးရွာ ရေတွင်း အဆင့်မြှင့်ခြင်းနှင့် ရေတုံကင် တပ် ဆင်ခြင်း လုပ်ငန်း ဆောင် ရွက် မှု ကို အောက်တိုဘာ ၂၅ ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ် ဆ/၅၅ မဓာဝီလမ်းနေ ဒေါ်ခင်ရီနှင့် သားသမီး၊ မြေးတစ်စုတို့က ဗိုလ်ကြီးသိန်းဝင်းနှင့်သား ကိုသိန်းဆွေဝင်းတို့အားရည်စူး၍ အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိနယ (ဝံသမေဒနီ) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

# ပုသိမ်မြို့၌ ကတ္တရာလမ်းခင်း

**ပုသိမ် နိုဝင်ဘာ ၁၂**

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ကမ်းနားလမ်း တစ်လျှောက် သန့်ရှင်းသာယာလှပမှုရှိစေရန် ကမ်းနားရင်ပြင် မေတ္တာဦးတံတားမှ တလိုင်းချောင်းအထိ ကတ္တရာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၇ရက်က ဆောင်ရွက်ရာသို့ ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် အင်ဂျင်နီယာမှူး ဦးစတင့်ဝေတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**



# စုပေါင်းမဟာဘုံကထိန်ပွဲ တာချီလိတ်မြို့၌ကျင်းပ

တာချီလိတ် နိုဝင်ဘာ ၁၂

**ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် (၁၁)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲကို နိုဝင်ဘာ ၄ ရက် နံနက်က မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်၌ ကျင်းပသည်။**

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကထိန်အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဒေသာပင်များကို တာချီလိတ်မြို့ အောင်မြတ်ခန်းမမှ မြို့တွင်းသို့ လှည့်လည်ပြီး မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်သို့ ပင့်ဆောင်ကြသည်။

## ငါးပါးသီလ

ထို့နောက်ရေစက် သွန်းချမင်္ဂလာအခမ်းအနားကျင်းပရာ ကျိုင်းတုံမြို့ ဓမ္မောဒယကျောင်းတိုက် ဆရာတော် ဓမ္မာစရိယ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ အာဇေယျထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

## အမျှဝေ

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်နှင့် တာဝန်ရှိသူများက ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး **(အပေါ်ပုံ)** လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်သည်။ အဆိုပါ လှူဒါန်းသော ပဒေသာပင်များ အလှူတော်ငွေတန်ဖိုးမှာ ငွေကျပ် ၁၁၁ သိန်းကျော်ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

# မော်ကျွန်း ပရိယတ္တိသာသနာလင်္ကာရအသင်း သာမဏေကျော် စာတော်ပြန်ပွဲကျင်းပ

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ ပရိယတ္တိသာသနာလင်္ကာရအသင်းက ကြီးမှူးကျင်းပသော (၁၇) ကြိမ်မြောက် သာမဏေကျော် စာတော်ပြန်ပွဲကို နိုဝင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ မော်လမြိုင်ကျွန်းမြို့ ပဋ္ဌာနရုံစာသင်တိုက်၌ ကျင်းပသည်။

သာမဏေကျော် စာပြန်ပွဲသို့ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် မဟာနာယက ဘဒ္ဒန္တအဂ္ဂဝံသ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တစိတ္တိတာလင်္ကာရနှင့်မြို့နယ်သံဃနာယကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များနှင့် စာဖြေသံဃာတော်များ ကြွရောက်တော်မူကြပြီး မြောင်းမြခရိုင် ရဲမှူးနေမျိုးသူနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ယင်းသာမဏေကျော်စာတော်ပြန်ပွဲတွင် အနယ်နယ်အရပ်ရပ်မှ ပထမဆင့် အပါး ၂၈၀၊ ဒုတိယဆင့် အပါး ၁၆၀၊ တတိယဆင့် ၈၁ ပါး ဝင်ရောက်ဖြေဆိုတော်မူကြပြီး စာတော်ပြန်ပွဲကျင်းပသည့် လေးရက်တွင် အလှူရှင်များက အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် အချိုဖျော်ရည်များကို ဆက်ကပ်လှူဒါန်းကြသည်။ **(ဝ၉၇)**

# မြို့နယ်သတင်းများ

**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် တိုက်အမှတ်(၁၁၀)နေ ဦးတင်နိုင်-ဒေါ်ခင်မြဝင်း၊ သားဗိုလ်ကြီးကောင်းမြတ်နိုင်၊ သမီး မြဒါလီနိုင်၊ သင်းသန္တာနိုင်၊ ပွင့်ဟေမာနိုင်မိသားစုက ဦးတင်နိုင် (၆၅) နှစ်ပြည့် မွေးနေ့အဖြစ်ဒဂုံမြို့နယ် အမှတ်(၁၆) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



# ညောင်ရွှေမြို့၌ သန့်ရှင်းရေးဆောင်ရွက်

**ညောင်ရွှေ အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်တိုးတို့ ဦးဆောင်ကြီးကြပ်မှုဖြင့် အောက်တိုဘာ ၂၄ ရက်က မြို့မစည်ပင်ဈေးကြီးအတွင်း စည်ပင်ဝန်ထမ်းများနှင့်အတူ သန့်ရှင်းရေးဆောင်ရွက်ကြသည်။ **(ဝ၂၇)**



**ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူ အောက်တိုဘာ ၁၈ ရက်က ညောင်ပင်သာမြင်းစီး-ဆင်အင်းလမ်း ကျောက်ချောခင်းရန်အတွက် ကျောက်စုစည်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)

# မြန်မာ့အသံ နားဆင်စရာ

**(၁၃၆၈ခုနှစ် နတ်တော်လဆန်း ၅ ရက်)**

**၂၄-၁၁-၂၀၀၆ (သောကြာနေ့)**

**နံနက်ပိုင်း**

၇:၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် ဆုရသူများနှင့် ဆွေးနွေးခန်း) (အပိုင်း-၄)

၁၁:၃၅ ထူးဆန်းထွေလာသတင်းပဒေသာ

၁၂:၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (သတ္တမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံအကြောင်း ဆွေးနွေးခန်း)

၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ငွေကြယ်ပွင့်ကိုလင်းလက်စေသူ)

**ညနေပိုင်း**

၁၆:၁၀ ရာသီခါမီ တေးပန်းချီ
(၁) ဆောင်းနတ်မယ် (မောင်မောင်ညွှန့်)
(၂) ဆောင်းနှင်းပမာ မောင့်မေတ္တာ (ဒလခင်ထွေးရီ)
(၃) ကိုယ်ဆင်ပေးမယ့်ပန်း (တင်ဦးလေး)

၁၇:၃၀ အဘိုးအဘွားအလေးထားကဏ္ဍ (အငြိမ်းစားသံအမတ်ကြီး ဦးအေးဖေနှင့် ဆွေးနွေးခန်း)

၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈:၁၅ ကျေးလက်ဇာတ်လမ်း (တကယ်လုပ်ရင် အဟုတ်ဖြစ်တယ်)

၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (နှလုံးနှင့် သွေးကြောစောင့်ရှောက်မှုအကြောင်း-ပထမပိုင်း)(မောင်ဆုရှင်)

၁၉:၁၅ ကာလပေါ်တူရိယာအဖွဲ့ (နွဲ့နှောင်းထံတျာကာလပေါ်တူရိယာအဖွဲ့)

၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မေ့မေ့ပုံပြင် (ဌေးဌေးမြင့်)
(၂) လှယမင်းနှင့် တွေ့ဆုံခြင်း (ကိုသန်းလှိုင်)
(၃) ကြင်ရနိုးနိုး (သင်းသင်းမြတ်)

**တာလေမြို့ သာယာလှပရေးအတွက် ရန်ကင်းကျေးရွာ ပြည်ထောင်စုလမ်းမကြီးဘေးတွင် အရိပ်ရပင်နှင့် ပန်းအလှပင်များကို အောက်တိုဘာ ၇ ရက်က စည်ပင်သာယာရေးအဖွဲ့ရုံးဝန်ထမ်းများနှင့် ကျေးရွာပြည်သူများ စုပေါင်းစိုက်ပျိုးကြစဉ်။**

(မြို့နယ်စည်ပင်)





**ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမက (၁၄) သူငယ်တန်း (ခ) မှ ဦးမင်းသန်းတင်-ဒေါ်ချစ်ချစ်တို့၏သမီး မဖြူသဲချို (၆) နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် အာဟာရဒါန ကျွေးမွေးစဉ်။**

(ပညာရေး)

# မိုးမှာလေ့ကျင့်၊ ဆောင်းမှာစစ်ဆေး သတိပေး၊ နွေမှာအသင့်ရှိရေး။

# ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး အမျိုးသားရေးတာဝန်အဖြစ်ခံယူ တိုင်းအတွင်း သတ်မှတ်စိုက်ဧကပြည့်မီရေး အလေးထားဆောင်ရွက် စီးပွားရေးပိုမိုတိုးတက်လာစေရန် အင်တိုက်အားတိုက် ကြိုးပမ်း

**နေပြည်တော် နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်း ပုသိမ်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုဝင်ဘာ ၁၉ ရက် နံနက် ၁၁နာရီက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ဧရာဝတီတိုင်းအတွင်းရှိ ဌာနဆိုင်ရာများ၊ ခရိုင်နှင့်မြို့နယ်တို့မှ ဌာနဆိုင်ရာများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

## ရှင်းလင်းပြောကြား

ရှေးဦးစွာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ဧရာဝတီတိုင်း၏ သားငါးထုတ်လုပ်မှုကို နိုင်ငံတော်မှ အားထား၍ လုပ်ငန်းရှင်များကို အားပေးအားမြှောက်ပြုနေမှု အခြေအနေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဖက်လုပ်ကိုင်ပါက အကျိုးဖြစ်ထွန်းမှု အခြေအနေ၊ ငါးပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ကြရေးနှင့် တိရစ္ဆာန်များရောဂါမကျရောက်စေရန် ဂရုပြုဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

## ကြိုးပမ်းဆောင်ရွက်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဧရာဝတီတိုင်းသည် နိုင်ငံတော်မှ အားထားနေသော အဓိကတိုင်းကြီးခြောက်တိုင်းတွင် ပါဝင်သဖြင့် စီးပွားရေး ပိုမိုတိုးတက်လာစေရန် ယခုထက်ပို၍ အင်တိုက်အားတိုက် တိုးတက်ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း။

*စာမျက်နှာ ၆ ကော်လံ ၁* ●



ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း ညွှဲသည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P Tyagi, PVSM, AVSM, VM, ADC, Chairman, Chief of Staff Committee and Chief of the Air Staff အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

## မိုးလေဝသအခြေအနေ

**၂၃-၁၁-၂၀၀၆**

### နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

### ရန်ကုန်မြို့

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

### မန္တလေးမြို့

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

# ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်ဇနီး အိန္ဒိယလေတပ်ဦးစီးချုပ်၊ ဇနီးနှင့်အဖွဲ့အား ဂုဏ်ပြုညစာတည်ခင်းဧည့်ခံ

**နေပြည်တော် နိုဝင်ဘာ ၂၂**

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်ဇနီးဒေါ်ထွေးထွေးညွန့်တို့က ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P Tyagi, PVSM, AVSM, VM, ADC, Chairman, Chief of Staff Committee and Chief of the Air Staff နှင့် ဇနီးနှင့် အဖွဲ့ဝင်များအား ယမန်နေ့ညပိုင်းတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

## ကြိုဆိုနှုတ်ဆက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်ဇနီး၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်နှင့်ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra စစ်သံမှူး Col. Jasvinder Singh Chopra နှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၆* ■

**မြန်မာ့အလင်း ဆောင်းပါးနှင့် သတင်း အညွှန်း**

- ❐ သူတို့ကို ထောက်ခံတဲ့ လက်မှတ်ပေါင်း ငါးသိန်းကျော်ရတယ်လို့ BBC, VOA, RFA, DVB သတင်းဌာနတွေက ရေးကြီးခွင်ကျယ် ထုတ်လွှင့်ပေးတယ်။ — အောင်ဇေမင်း၏ဆောင်းပါး (စာ-၁၀)
- ❐ မြန်မာ့ရုပ်ရှင်သက်ကြီးရန်ပုံငွေပဒေသာကပွဲကြီး နိုဝင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ အမျိုးသားကဇာတ်ရုံ၌ တင်ဆက်ကပြမည်။ — မောင်မောင်မြင့်ဆွေ၏ တွေ့ဆုံမေးမြန်းချက် (စာ-၇)
- ❐ ပရီမီယာလိဂ်ပွဲစဉ်(၁၄)မှာ ဖာဂူဆန်နှင့် မော်ရင်ဟိုတို့ ထိပ်တိုက်တွေ့ကြပြီ။ — မောင်ချစ်ကြည်၏သုံးသပ်ချက် (စာ-၁၁)